# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၂၀၂၅ ခုနှစ်၊ မတ် ၁၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ် (၁၆၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက်အား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ ➲








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်  စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ထားရှိမှုနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာ-ကိုရီးယားအဆင့်မြင့်ဆန်စက်လုပ်ငန်း လည်ပတ်မှုအခြေအနေကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

❍ *ရှေ့ဖုံးမှ*

**စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဖော်ထုတ်ခြင်းစီမံကိန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေဇေယျာသီရိမြို့နယ် အောင်ဇေယျ၊ မအူတော၊ သက်နှင်းအင်းကျေးရွာအုပ်စု ပင်လောင်းလမ်းဆုံအနီးရှိ စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းစီမံကိန်းနေရာသို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရေပေးမြောင်းများနှင့် ကုန်ထုတ်လမ်းများ ထည့်သွင်းဆောင်ရွက်ထားရှိမှု၊ ယခင်က မိုးတစ်သီးသာစိုက်ပျိုးနိုင်သော်လည်း ယခုကဲ့သို့ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ပေးနိုင်ခဲ့သည့်အတွက် တစ်နှစ်လျှင်သုံးသီးစိုက်ပျိုးဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက်မှ ကြိတ်ခွဲရရှိသည့် ဆန်အရည်အသွေးအား ကြည့်ရှုစဉ်။

စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်း လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်သွားရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်သူများကိုလည်း စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေး ဆောင်ရွက်သွားရန်လိုကြောင်း၊ **“အစကောင်းမှ အနှောင်းသေချာမည်” ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျဖြစ်စေရေး စက်မှုလယ်ယာစနစ်ကျလယ်မြေ ဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများအသုံးပြု၍ စနစ်တကျ မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊** စိုက်ပျိုးရေးလုပ်ငန်းတွင် အခြေခံအချက်များဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်တွင် မြေကိုစနစ်တကျပြုပြင်ဆောင်ရွက်သကဲ့သို့ မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေနှင့် အောင်ရေရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်မှုရရှိစေရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပန်းတိုင်အထွက်နှုန်းများ ပြည့်မီနိုင်မည်ဖြစ်ကြောင်း။

ယခု ဖော်ထုတ်ပြီးစီးသည့် စက်မှုလယ်ယာစနစ်ကျလယ်မြေကို စံပြဖြစ်အောင် ဆောင်ရွက်သွားရန်လိုပြီး စိုက်ပျိုးမှု၊ ထွက်ရှိမှုတို့ကို စနစ်တကျမှတ်တမ်းတင်ထားရှိရန်လိုကြောင်း၊ စိုက်ဧကများအားလုံး၌ မည်သည့်သီးနှံကို စိုက်ပျိုးသည်ဖြစ်စေ အပင်ရေပြည့်မီအောင် စိုက်ပျိုးသွားရန်လည်း လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကျေးလက်နေလူဦးရေသည် ပိုမိုများပြားပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်ကြသည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ထားရှိမှုနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုအခြေအနေများ၊ စီမံကိန်းနယ်မြေအတွင်း စပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**မြန်မာ - ကိုရီးယား အဆင့်မြင့်ဆန်စက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိမ်းစားပင်ကျေးရွာရှိ မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက်သို့ရောက်ရှိရာ တာဝန်ခံဖြစ်သူ ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဒေသထွက်ဆန်မျိုးများအလိုက် ကြိတ်ခွဲထုတ်လုပ်ထားရှိမှုများကို *စာမျက်နှာ ၄ သို့*

❖ **စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်**

❖ **“အစကောင်းမှ အနှောင်းသေချာမည်” ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျဖြစ်စေရေး စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများအသုံးပြု၍ စနစ်တကျ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နဝင်းချောင်းတံတား(အဆုံ)နေရာတွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဆန်စက်အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက မြန်မာ-ကိုရီးယား အဆင့်မြင့် ဆန်စက်ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း၊ ဒေသထွက် စပါးများအား သိုလှောင်နိုင်မှု၊ ကြိတ်ခွဲနိုင်မှုဖြင့် ထွက်ရှိလာသည့် ဆန်များအား ဖြန့်ဝေနိုင်မှုအခြေအနေများ၊ သမဝါယမအသင်းအချင်းချင်း ပူးပေါင်း၍ ဆန်စက်လည်ပတ်နိုင်ရေး ဆောင်ရွက်မှုအခြေအနေများ၊ သမဝါယမအသင်းများ၏ အားသာချက်များနှင့် ကြုံတွေ့ရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိကအားဖြင့် ဆန်များအရည်အသွေးကောင်းမွန်ရန်လိုပြီး ပြည်သူများ အဆင့်မီမီစားသုံးနိုင်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ရှိပြီး အရည်အသွေးမီသည့် ဆန်များဖြစ်ရန်လိုကြောင်း၊ Eating Quality ကောင်းပြီး ဈေးကွက်ရရှိနိုင်သည့်ဆန်များ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန်လိုကြောင်း၊ မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေးဆန်အား ကမ္ဘာ့ဈေးကွက်ရရှိရေး ကြိုးပမ်းရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**နဝင်းချောင်းတံတား(အဆုံ)**
**ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်လျက်ရှိမှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နဝင်းချောင်းတံတား(အဆုံ)နေရာသို့ ရောက်ရှိကြပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မိုးအဆက်မပြတ်ရွာသွန်းကာ ရေတိုက်စားမှုကြောင့် တံတားပြိုကျပျက်စီးခဲ့မှုအား လေးလမ်းသွားတိုးချဲ့တည်ဆောက်ပြီးစီးမှု၊ တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားချဉ်းကပ်ရေလမ်းအနီး မြစ်ကြောင်းဖြောင့်ခြင်း၊ မြေထိန်းနံရံများပြုလုပ်ခြင်း၊ သောင်တူးဖော်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကံကြီးမွေးမြူရေးဇုန်ရှိ ဦးတွမ်ခင်ဝင်း၏ နို့စားနွားနှင့် နွားသားပေါက်မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွေးမြူရေးဇုန်ရှိ ဦးမြတ်စံ၏ကြက်ခြံတွင် အသားတိုးကြက်နှင့်ဥစားကြက်များမွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ဆောင်းနေကြာ ဧက ၈၀ စိုက်ခင်း ဆောင်ရွက်ထားရှိမှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ဆောင်းနေကြာဧက ၈၀ စိုက်ခင်းနေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ယခင်နှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းအရှိန်ကြောင့် ပျက်စီးသွားသည့် ရှောက်ကုန်းကျေးရွာအနီးရှိ လယ်မြေများအတွင်း ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးထားရှိမှု၊ ဆောင်းနေကြာစိုက်ခင်းအတွင်း ရေဆင်းစပ်မျိုးနေကြာ-၁ အမျိုးအစားအား စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီကို ပြည်ပမှနှစ်စဉ် တင်သွင်းရလျက်ရှိသဖြင့် ဆီထွက်သီးနှံများကို ဖြစ်ထွန်းအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေကြာသီးနှံအပါအဝင် ဆီထွက်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ရအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စားသုံးဆီဈေးနှုန်းများလည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ သီးထပ်စိုက်ပျိုးမှုများ အောင်မြင်အောင်ဆောင်ရွက်ပြီး အထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ကံကြီးမွေးမြူရေးဇုန်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာရှိ ကံကြီးမွေးမြူရေးဇုန်သို့ရောက်ရှိကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်နှင့် ပြောင်ခေါင်းကြီးမွေးမြူရေးဇုန်တို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိမှုနှင့် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး သာယာဝပြောသည့် နိုင်ငံဖြစ်ပေါ်စေရန်၊ နိုင်ငံတွင် စားရေရိက္ခာပေါများပြီး နိုင်ငံသူနိုင်ငံသားများအားလုံး ဝဝလင်လင်ဖြင့် အာဟာရပြည့်ဝစွာကျွေးမွေးနိုင်သည့် နိုင်ငံဖြစ်စေရန် ဟူသည့် မူဝါဒများပင်ဖြစ်ကြောင်း၊ **ဒေသအလိုက် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ ဖူလုံစေရေးအတွက် နိုင်ငံအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းဖြစ်**ကြောင်း၊ ဒေသတွင်းစားသုံးမှုဖူလုံရေးကို *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ကနဦး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဆောင်ရွက်ပြီးပါက ပြည်ပသို့တင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့နေသူများဖြစ်၍ သား၊ ငါး၊ ဥများ ဖူလုံစွာစားသုံးနိုင်ရန်လိုကြောင်း၊ အလားတူ ကျေးလက်နေပြည်သူများတွင် ဒေသအလိုက် မွေးမြူရေးများရှိသဖြင့် စနစ်တကျ မွေးမြူရန်လိုကြောင်း၊ ဒေသတွင်းရှိသည့် လူဦးရေနှင့် အသားစားသုံးနိုင်မှုအချိုးကို တွက်ချက်၍ တစ်နေ့လိုအပ်ချက်၊ တစ်လလိုအပ်ချက်၊ တစ်နှစ်လိုအပ်ချက် စသည်ဖြင့် တွက်ချက်ပြီး စနစ်ကျနသည့် မွေးမြူရေးကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ **နေပြည်တော်ကောင်စီနယ်မြေအပြင် အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း မိမိတို့ ဒေသအလိုက် စားရေးဖူလုံရေးကို စနစ်တကျဖြင့် တွက်ချက်၍ စနစ်ကျနသည့် မွေးမြူရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသအလိုက် မွေးမြူရေးဇုန်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုပြီး ပြည်တွင်းအသားစားသုံးမှုဖူလုံရေးကို ဖော်ဆောင်နိုင်ရမည်ဖြစ်ကြောင်း။**

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့်လည်း ခိုင်မာမှုရှိပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ **ဇုန်များအလိုက် မွေးမြူရေးထုတ်ကုန်များကို အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်၍ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပိုလျှံသည်များကို အသားအကြမ်းထည်တင်ပို့ခြင်း၊ MSME လုပ်ငန်းများဖြင့် ကုန်ချောပြုလုပ် တင်ပို့ခြင်းတို့ဖြင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ လုပ်ငန်းရှင် ဦးတင်မြိုင်၏ အသားတိုးဝက်မွေးမြူရေးခြံ၊ လုပ်ငန်းရှင် ဦးမြတ်စံ၏ အသားတိုးကြက်နှင့် ဥစားကြက် မွေးမြူရေးခြံ၊ ဦးတွမ်ခင်ဝင်း၏ နို့စားနွားနှင့် နွားသားပေါက် မွေးမြူရေးခြံတို့အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဆုံအနီး စက်မှုလယ်ယာစနစ်ကျလယ်မြေ ဖော်ထုတ်ခြင်း စီမံကိန်းနှင့်ပတ်သက်၍တာဝန်ရှိသူတစ်ဦးနှင့် တောင်သူတစ်ဦး၏ ပြောကြားမှုကိုလည်း ယခုလိုပဲ ကြားသိရပါသည်-



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဆောင်းနေကြာ ဧက ၈၀ စိုက်ခင်းနေရာ၌ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တာဝန်ယူဆောင်ရွက်တဲ့ အဖွဲ့အစည်းအနေနဲ့ကတော့ စက်မှုလယ်ယာဦးစီးဌာနလက်အောက်မှာရှိတဲ့ စနစ်ကျ လယ်ယာမြေဖော်ထုက်ရေးအဖွဲ့ (အထက်မြန်မာပြည်) လယ်ဝေးမြို့က ဝန်ထမ်းတွေကပဲ ဌာနပိုင် စက်ယန္တရားတွေ၊ ဌာနဝန်ထမ်းတွေနဲ့ တာဝန်ယူဆောင်ရွက်ပေးတာဖြစ်ပါတယ်။ စီမံကိန်းစတင်တဲ့အချိန်ကာလကတော့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့ကစတင်ခဲ့ပြီးတော့ စီမံကိန်းပြီးစီးတဲ့အချိန်ကာလကတော့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာတော့ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့က ဖော်ထုတ်ပြီးတဲ့ စနစ်ကျ လယ်မြေတွေပေါ်မှာ တောင်သူတွေက နွေစပါးစိုက်ပျိုးဖို့ ဆောင်ရွက်နေတာရှိပါတယ်။ ဒီနေ့အထိဆိုရင်တော့ စိုက်ပျိုးပြီးတဲ့ ဧကဆိုရင် ဧက ၁၀၀ လောက် စိုက်ပျိုးပြီးဖြစ်ပြီး ကျန်တဲ့ဧက ၁၇၀ ကျော်လောက်ကလည်း ထွန်ယက်စိုက်ပျိုးဖို့ မြေယာပြုပြင်တာတွေ ဆောင်ရွက်လျက်ရှိနေပါတယ်။ လယ်ယာသုံးစက်ကိရိယာတွေက အချိန်မရွေး၊ ရာသီမရွေး ရိတ်သိမ်းတဲ့အချိန်မှာ ရိတ်သိမ်းပြီးတော့ သယ်ပို့ပေးနိုင်တာဖြစ်တဲ့အတွက် အရည်အသွေးကောင်း သီးနှံတွေလည်းရရှိစေမှာဖြစ်ပါတယ်။ လယ်ကွက်တွေကလည်း ကျယ်ပြန့်ပြီးတော့ မြေယာပြန့်ပြူးတာကြောင့် နဂိုကရေသုံးစွဲတဲ့ ပမာဏထက်ကို လျှော့ချပြီးတော့ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ လယ်ကွက်ကျယ်တွေမှာ လယ်ယာသုံးစက်ကိရိယာတွေက စက်စွမ်းအားအပြည့် မောင်းနှင်အသုံးပြုနိုင်မှာဖြစ်တဲ့အပြင် ကျွန်တော်တို့ လောင်စာဆီသုံးစွဲမှုတွေကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။ ပြီးတော့လည်း ကုန်ထုတ်လမ်းတွေ ပါဝင်တဲ့အတွက် လယ်ယာသုံးစက်ကိရိယာတွေ အချိန်မရွေး၊ အခါမရွေး ဝင်ထွက်သွားလာပြီး လုပ်ကိုင်နိုင်တာဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့ တစ်သီးစားကနေပြီးတော့ နှစ်သီးစား၊ သုံးသီးစားအထိ တိုးချဲ့စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ပြီးလို့ရှိရင် လယ်ယာလုပ်သားတွေ သုံးစွဲတဲ့နေရာမှာ လယ်ယာသုံးစက်ကိရိယာတွေနဲ့ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲနိုင်တာကြောင့် လယ်ယာလုပ်သားသုံးစွဲမှုကို လျှော့ချနိုင်ပြီးတော့ ပိုလျှံလာတဲ့ လယ်ယာလုပ်သားတွေကို နိုင်ငံတော်ရဲ့ အခြားသော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာ ပြောင်းလဲပြီးတော့ အသုံးချနိုင်မှာဖြစ်ပါတယ်။

လယ်ယာမြေဖော်ထုတ်ပေးတဲ့ အကျိုးကျေးဇူးတွေကတော့ နိုင်ငံတော်ကနေ ကျွန်တော်တို့တောင်သူတွေကို လုပ်ပေးတဲ့အတွက် အရင်တုန်းကဆိုရင် လယ်ယာ ၁၄ ကွက်လောက်ရှိပါတယ်။ အခုဆိုလို့ရှိရင် ကျွန်တော် လေးကွက်ပဲ ဖြစ်သွားပါတယ်။ ရေအနေနဲ့လည်း တော်တော်လေးအဆင်ပြေပါတယ်။ အရင်တုန်းက ကွက်ဆင့်သောက်ရေ သောက်ရပါတယ်။ နိုင်ငံတော်ကနေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးတဲ့အတွက် မြောင်းကနေ တိုက်ရိုက်ရပါတယ်။ နောက်ပြီးတော့ ဒီစီမံကိန်းတွေလုပ်တဲ့အတွက် တောင်သူအားလုံးအတွက် အကျိုးအများကြီးရှိပါတယ်။ ရေစုပ်စနစ်ပါ လုပ်ပေးထားတဲ့အတွက် အကုန်လုံးအဆင်ပြေပါတယ်။ အခုလို ကျွန်တော်တို့ကိုနိုင်ငံတော်ကနေအခုလိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးတဲ့အတွက် တောင်သူတွေကိုယ်စား အများကြီး ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။





## သံအမတ်ကြီး ဦးသစ်လင်းအုန်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၁၃**

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် မတ် ၁၁ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ သမ္မတနန်းတော်၌ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား ဂရီဂေါ်ရဲဗိချ် လူကာရှန်ကို ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် မတ် ၁၂**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ခြေလှမ်းညီညီ အားသစ်တည်၍

ချစ်ကြည်ရေးခရီးစဉ် ဒုတိယနေ့၏ လုပ်ငန်းအချိန်ဇယားမှာ မပြီးဆုံးသေး။ ဒေသစံတော်ချိန် ညပိုင်းတွင် မော်စကိုမြို့ Radisson Collection ဟိုတယ်ရှိ အစည်းအဝေးခန်းမတွင် ရုရှား-အာဆီယံ စီးပွားရေးကော်မရှင်ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

ပြည်စိုးညိမ်း

ဆွေးနွေးပွဲတွင် ရုရှား-မြန်မာ စီးပွားရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဖရဲသီး၊ သရက်သီး စသည့်သီးနှံများကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်သည့်အခြေအနေများ၊ စွန့်ပစ်အမှိုက်များ Recycle ဖြင့် ပြန်လည်အသုံးပြုနိုင်ရေး ကိစ္စရပ်များ၊ အာကာသနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာများကို အကျယ်တဝင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုကို ပြသသောအားဖြင့် လက်ဆောင်ပစ္စည်းများ လဲလှယ်ပေးအပ်ခြင်းဖြင့် ဆွေးနွေးပွဲကို လှပစွာ အနားသတ်နိုင်ခဲ့သည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ - ရုရှား စီးပွားရေးဖိုရမ်၌ ဖြည့်စွက်အမှာစကား ပြောကြားစဉ်။ (၅-၃-၂၀၂၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။ (၅-၃-၂၀၂၅)

နိုင်ငံတော်အကြီးအကဲသည် ဟိုတယ် အစည်းအဝေးခန်းမမှ Conference Hall သို့ ကူးသည်။ Conference Hall အတွင်းဝယ် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင် ရောက်ရှိလျက်ရှိသည့် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသား အရာရှိများ စုံညီစွာ ရောက်ရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် မအားလပ်သော လုပ်ငန်းတာဝန်များအကြားမှပင် အချိန်ကိုမရရအောင် ကြံဆထုတ်နုတ်၍ ပညာတော်သင် ကျောင်းသားများကို တွေ့ဆုံအားပေးခြင်းဖြစ်သည်။ အကြီးအကဲတစ်ယောက်၏ မိမိတပည့်သားမြေးများအပေါ် ထားရှိသည့် အကြားအလပ်မရှိသော ချစ်ခြင်းမေတ္တာကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ ရေခြားမြေခြားသို့ ရောက်နေသည့်တိုင် ရနိုင်သမျှသော အချိန်ကလေးမှာပင် အပင်ပန်းခံ၍ ကြည့်ရှုစောင့်ရှောက်ပေးခြင်းဖြစ်သည်။ ထိုတပည့် သားမြေးတို့၏ တင်ပြချက်များကို အရေးတယူနားစွင့်၍ နွေးထွေးကြင်နာစွာ အားပေးစကားဆိုခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ပညာတော်သင်ကျောင်းသားများကို ပညာတော်သင်များ စေလွှတ်ရာတွင် သာမန်ထက် ထူးချွန်သူများကို ရွေးချယ်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရေးသာမက ရုရှားဘာသာစကား တတ်မြောက်ရေး အတွက်လည်း အခြေခံများသင်ကြားပြီးမှ ရုရှားနိုင်ငံသို့ ပညာတော်သင်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ယခင်တပ်မတော်ခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားစွာဖြင့် ဆောင်ရွက်ပေးခဲ့မှုများကြောင့် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် မိမိတို့ကိုယ်ကို တန်ဖိုးထားကြစေချင်ကြောင်း၊ နိုင်ငံအတွက် လိုအပ်ချက်များရှိခြင်းကြောင့် ပညာတော်သင်များ စေလွှတ်ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ခံရသည့် ထူးချွန်သူများ ဖြစ်သည်နှင့်အညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

မြန်မာနိုင်ငံသည် ပညာတတ်လူသား အရင်းအမြစ်များ ပေါ်ထွန်းရေးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပညာတတ်လူသား အရင်းအမြစ်များ ပေါများကြွယ်ဝရန် အထူးလိုအပ်သည်။ သို့မှသာ အခြားသော နိုင်ငံများနှင့်အတူ ရင်ပေါင်တန်း၍ အောင်မြင်မှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မှာဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက နိုင်ငံသားအားလုံး ပညာတတ်များဖြစ်စေရန်နှင့် ပညာရည်မြင့်မားစေရန် KG+9 အထိ ပညာသင်ကြားနိုင်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံသားတစ်ယောက်အဖို့ အထူးလိုက်နာရန် လိုအပ်သည်မှာ မိမိကိုယ်တိုင် မိမိနိုင်ငံတော်အပေါ် သစ္စာစောင့်သိရန်ပင်ဖြစ်သည်။ ပြည်ပတွင် ပညာသင်ယူနေသူများအနေဖြင့်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အခြေတည်၍ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မြော်တွေးကာ ပညာကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြရမည်ဖြစ်သည်။

တွေ့ဆုံမှာကြားမှုအပြီးတွင် နိုင်ငံတော်အကြီးအကဲက ပညာတော်သင်ကျောင်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ နိုင်ငံတော်အကြီးအကဲသည် ပြည်ပရောက် ပညာတော်သင်များကို နာယကဂုဏ်ခြောက်ပါးလာ "ဒယာ"တည်းဟူသော သနားချစ်ခင် ကြင်နာခြင်းတို့ဖြင့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို ဤသို့လျှင် ကိုယ်တိုင်ကိုယ်ကျ ချီးမြှင့်ပေးအပ်လေ့ရှိသည်။

> ❝ မြန်မာနိုင်ငံသည် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ထွန်းရေးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝရန် အထူးလိုအပ်သည်။ သို့မှသာ အခြားသော နိုင်ငံများနှင့်အတူ ရင်ပေါင်တန်း၍ အောင်မြင်မှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မှာဖြစ် ❞

မတ်လ ၅ ရက်နေ့သည်လည်း ခရီးစဉ် ဒုတိယနေ့နည်းတူ လုပ်ငန်းအချိန်ဇယားများနှင့် ပြည့်နှက်နေသည်။ ကနဦးအစီအစဉ်အနေဖြင့် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေးကြသည်။ နှစ်နိုင်ငံအကြား ကာကွယ်ရေးကဏ္ဍတွင် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမှုနှင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှု ထပ်မံမြှင့်တင်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

နိုင်ငံတော်အကြီးအကဲဆိုသည်မှာ နိုင်ငံ၏ အမိအဖပင်ဖြစ်သည်။ အမိအဖဟူသည် မိမိတို့၏ သားသမီးများအပေါ် နီးသည်ဝေးသည်မရှိ တူညီသောမေတ္တာဓာတ်ဖြင့် ဖေးမစောင့်ရှောက်ကြသည်သာဖြစ်သည်။ နိုင်ငံတော်အကြီးအကဲသည် မအားလပ်သော လုပ်ငန်းတာဝန်များအကြားမှ ယင်းနေ့ နံနက်ပိုင်းမှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်၍ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများကို သွားရောက်တွေ့ဆုံအားပေးသည်။

အကြီးအကဲမှာ ထိုနေ့နံနက်ပိုင်းမှာပင် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် မြန်မာသံရုံးမှ Radisson Collection ဟိုတယ်သို့ ပြန်လည်ထွက်ခွာသည်။

နိုင်ငံတစ်နိုင်ငံ၏ အဓိကမောင်းနှင်အားတွင် စီးပွားရေးကလည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ ရုရှား-မြန်မာ စီးပွားရေးဖိုရမ်ကို မော်စကိုမြို့ Radisson Collection ဟိုတယ်ရှိ Business Hall တွင် ကျင်းပပြုလုပ်ခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် Myanmar Airways International (MAI)၊ Roscon-gress Foundation၊ Fund RC-Investments၊ Russia-ASEAN Business Council နှင့် Russia- Myanmar Business Council တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ငင်းစီးပွားရေးဖိုရမ်သို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadyevich Reshetnikov၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

သက်ဆိုင်ရာဝန်ကြီးများက အဖွင့်အမှာစကား အသီးသီးပြောကြားပြီးသည်နှင့်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)ဥက္ကဋ္ဌက "မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဆိုင်ရာအကျဉ်းချုပ်"ကို ရှင်းလင်းသည်။ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ ကိုယ်စားလှယ်များကလည်း ခေါင်းစဉ်များအလိုက် အကျဉ်းချုပ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ရုရှား MIR Card များ လက်ခံသုံးစွဲနိုင်ရေး ဆောင်ရွက်မှု လုပ်ငန်းအခြေအနေများ Video Clip ကို ကြည့်ရှုကြပြီး ဖိုရမ်အား ခေတ္တရပ်နားလိုက်သည်။

နေ့လယ်ပိုင်းတွင် ဖိုရမ်အား ဆက်လက်ကျင်းပရာ နိုင်ငံတော်အကြီးအကဲက ဖြည့်စွက်အမှာစကားပြောကြားသည်။ အကြီးအကဲက ယခုလအတွင်း ပဉ္စမအကြိမ်မြောက် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေး၏ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း အခမ်းအနားနှင့် စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံတွင် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ခြင်း တို့ဖြင့် အစပြုစကားဆိုသည်။

ယင်းအစည်းအဝေးများမှ နေ၍ ဆွေးနွေးမှုရလဒ်များအဖြစ် ဥပဒေမူဘောင်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေး၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့်ကျန်းမာရေး စောင့်ရှောက်မှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်နိုင်ခဲ့ပုံကို ဆက်စပ်ပြသည်။

အထူးသဖြင့် မဟာဗျူဟာကျသည့် ပင်လယ်ထွက်ပေါက်အဖြစ် ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်တည်ထောင်နိုင်ရန် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ခြေလှမ်းသစ်စတင်နိုင်ခြင်းမှာ များစွာအရေးပါသည်။ တိုးတက်လာမည့် ပင်လယ်ရေကြောင်းကုန်သွယ်မှုကို ပြည့်တွင်းနှင့် ချိတ်ဆက်နိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးစင်္ကြံလမ်းများတစ်လျှောက် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများမှာလည်း လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းများစွာအတွက် တက်ရောက်လာသည့် ဧည့်သည်တော်များကို ဖိတ်ခေါ်လိုက်ခြင်းအားဖြင့် စီးပွားရေးအမြင် ကျယ်ပြန့်နက်ရှိုင်းမှုနှင့် သိမ်မွေ့ညင်သာသော သံတမန်စွမ်းရည်ကို ပြသည်။

အကြီးအကဲ၏ဆက်လက်ပြောကြားမှုတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးအခြေပြု အဆင့်မြင့်နည်းပညာ လွှဲပြောင်းမှုအပိုင်းနှင့် စပ်လျဉ်း၍ အလေးထား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအကြောင်း ပါသည်။ စက်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများတွင် နည်းပညာအသစ်များဖြင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအကြောင်း ပါသည်။ နှစ်နိုင်ငံအကြား ငွေပေးချေမှုဆိုင်ရာ နည်းလမ်းများ၊ သတင်းအချက်အလက်နည်းပညာနှင့် ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံကဏ္ဍ တိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်သင့်သည်များ၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် ဆေးဝါးထုတ်လုပ်မှု ကဏ္ဍများအကြောင်း ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ပညာတော်သင်ရောက်ရှိလျက်ရှိသည့် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။ (၅-၃-၂၀၂၅)

ဌင်းအပြင် ယခုဖိုရမ်သို့ တက်ရောက်လာသည့်ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်မှုပြုသည်။ လုပ်ဆောင်နိုင်သည့် စီးပွားရေးလုပ်ငန်းများမှာ အနည်းငယ်မျှသော အရေအတွက်မဟုတ် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်းနှင့် အခြားပြည်ပကုန်သွယ်ရေးအတွက် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးသည်။ များပြားလှစွာသော စီးပွားရေးကဏ္ဍများနှင့် ပြည်ပကုန်သွယ်ရေးအတွက် ဆွေးနွေးပြောကြားမှုတွင် နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုသည်။ အလားတူ အာမခံချက်အဖြစ် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိသည်ဟု တည်ကြည်သောစကားကိုဆိုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich တို့ တွေ့ဆုံဆွေးနွေးစဉ်။(၅-၃-၂၀၂၅)

ဖိုရမ်သို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များမှာ စီးပွားရေးနှင့် ဆက်စပ်သည့် ဝန်ကြီးဌာန တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့်အတွက် အကြီးအကဲ၏ ဆွေးနွေးမှုကို ပိုမိုစူးစိုက်ကြသည်။ စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် လုပ်ကိုင်ရင်းနှီးမြှုပ်နှံပါက ဖြစ်ပေါ်တိုးတက်လာနိုင်မည့် အလားအလာများကို တွက်ဆကြသည်။ လိုအပ်လာမည့် စွမ်းအင်အရင်းအမြစ်အတွက်လည်း အခြေအနေကောင်းများကို အချိန်တိုအတွင်း ရရှိနိုင်မှုရှိနေသကဲ့သို့ အခြား ကူးသန်းရောင်းဝယ်မှုအတွက်လည်း ပထဝီအနေအထားအရ ကောင်းမွန်လှသည်မို့ သူတို့ စိတ်ပါဝင်စားမှုပိုမိုနေသည်မှာ မဆန်းလှ။

ဈေးကွက်နှင့် ပတ်သက်၍လည်း နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာ တွက်ချက်ပြသည်။

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ရှိ နိုင်ငံများ၏ လူဦးရေမှာမူ နှစ်ဘီလီယံကျော်သုံးဘီလီယံနီးပါးခန့်ရှိပြီး အာဆီယံ ၁၀ နိုင်ငံအပြင် အင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာ မြန်မာနိုင်ငံနှင့် ထိစပ်နေသည်။ ထိုမျှကြီးမားသော ဈေးကွက်ကြီးရှိနေသည့်အတွက် မြန်မာနိုင်ငံမှ သဘာဝထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တိုက်ရိုက်ရင်းနှီးမြှုပ်နှံ၍ နည်းပညာနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း စသည်ဖြင့် မည်သည့်နည်းလမ်းဖြင့်မဆို မုချအကျိုးရှိစေနိုင်မည်ဖြစ်သည်။

ရုရှားနှင့်မြန်မာနှစ်နိုင်ငံမှာ ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်။ ရုရှားနိုင်ငံ၏ ကြွယ်ဝမှုနှင့် နည်းပညာများကို အာရှဒေသတွင် လာရောက်ဖြန့်ကြက်ပြီး ဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုဆိုလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ ဖြည့်စွက်အမှာစကားပြောကြားမှု အပြီးတွင် ထွက်ပေါ်လာသည့် ဩဘာလက်ခုပ်သံများက မြန်မာနိုင်ငံအတွက် ရည်ရွယ်သည့် လက်ခုပ်သံများဟု ထင်မိသည်။ ခေတ်မီတိုးတက်ခြင်းဟူသော အကျိုးတရားကို ရရှိစေမည့် အကြောင်းတရားကို ဆောင်ရွက်နိုင်ခဲ့မှုအတွက် ဩဘာသံများက နားဝင်ပီယံရှိလှသည်။

အပြန်အလှန် ဆွေးနွေးမှုများမှာ ချစ်ကြည်ရင်းနှီးခင်မင်မှုကို အခြေတည်သည်မို့ မြိုင်မြိုင်ဆိုင်ဆိုင်ဆိုသလို ဆွေးနွေးကြသည်။ နိုင်ငံနှင့် ပြည်သူများအတွက်ဟု ကိုယ်စီရည်မှန်းထားသူများဖြစ်၍ ဆွေးနွေးမှုများမှာ အားပါအသက်ဝင်လှသည်။

မြန်မာနိုင်ငံရှိ ထားဝယ်အထူးစီးပွားရေးဇုန်မှာ မဟာဗျူဟာပင်လယ်ထွက်ပေါက်ဖြစ်သည်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်တည်ဆောက်နိုင်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုခြေလှမ်းသစ် စတင်နိုင်ခြင်းမှာ ပြည်သူများအတွက် ဝမ်းသာဖွယ် သတင်းကောင်းပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲမှာ မိမိနိုင်ငံအကျိုးအတွက် စွမ်းစွမ်းတမံ သယ်ပိုးရွက်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ရုရှား-မြန်မာ စီးပွားရေးဖိုရမ်အပြီးတွင် ခဏတာမျှ အနားရသော မွန်းလွဲအချိန်လေးမှာပင် အနားမယူနိုင်သေးဘဲ ဂါရဝပြုလာရောက်တွေ့ဆုံသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool အား လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးထားသည့် အချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒူးမားလွှတ်တော်သို့ မြန်မာနိုင်ငံမှ လေ့လာရေးအဖွဲ့များ စေလွှတ်၍ အတွေ့အကြုံများဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တစ်ဆက်တည်းမှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV နှင့် အဖွဲ့ဝင်များက လာရောက်တွေ့ဆုံ၍ ဂါရဝပြုနှုတ်ဆက်ကြသည်။ ယင်းအဖွဲ့က ကာမီးကီယာပြည်နယ်ရှိ ဗုဒ္ဓဥယျာဉ်အတွင်း မြန်မာနိုင်ငံမှ စေတီတော် သို့မဟုတ် ဗုဒ္ဓရုပ်ပွားတော်အား လာရောက်တည်ထားကိုးကွယ်စေလိုမှု၊ မြန်မာနိုင်ငံမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ကာမီးကီယာပြည်နယ်သို့ လာရောက်လေ့လာစေလိုမှုများကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ စိန့်ပီတာစဘတ်သို့ ဆက်လက်ခရီးနှင်ရန် ၂၀၂၅ ခုနှစ် မတ်လ ၅ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo လေဆိပ်သို့ ရောက်ရှိကြသည်။ လေဆိပ်တွင် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev ၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်ကြသည်။

စိန့်ပီတာစဘတ်မြို့၏ ရာသီဥတုမှာ အနည်းငယ်ပို၍ အေးမြသည်။ အပူချိန် ၂ ဒီဂရီစင်တီဂရိတ်မျှရှိသည်။ နိုင်ငံတော်အကြီးအကဲမှာ ခရီးပန်းဟန်မရှိ။ လန်းဆန်းတက်ကြွစွာပင် လာရောက်ကြိုဆိုသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်နေသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာ လူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်(Official State Visit) ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်မည်ဖြစ်သည်။

ဤသည်တို့မှာ အမိနိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ခြေလှမ်းညီညီအားသစ်တည်၍ ရှေ့သို့လှမ်းချီလျက်ရှိသော သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများပင် ဖြစ်ပါသတည်း။ ။

# တို့ခေါင်းဆောင်

✻ နိုင်ငံ့အကျိုး၊ ဆောင်သယ်ပိုး၍
အမျိုးဘာသာ၊ သာသနာကို
ပမာနေလှ၊ ထွန်းတောက်ပအောင်
နေ့ညမခြား၊ သူကြိုးစားလျက်
စီးပွားလူမှု၊ အစုစုနှင့်
ပြည်သူ့ဘဝ၊ မြင့်မားရအောင်
ထောက်ဆမြော်တွေး၊ လမ်းညွှန်ပေးသည်
လေးစားထိုက်သော တို့ခေါင်းဆောင်။

✻ တိုင်းပြည်၏ဂုဏ်၊ ဖွဲ့စည်းပုံနှင့်
ပြည့်စုံခံ့ညား၊ တိုင်းရင်းသားတို့
ထွေပြားမဲ့ကင်း၊ စည်းလုံးခြင်းဖြင့်
မီတင်းပြန်လှန်၊ ညီညွတ်ရန်နှင့်
နိုင်ငံအဓွန့်ရှည်၊ ခံ့ညားတည်ရန်
စီမံဆတိုး၊ အများအကျိုးတွက်
အားကိုးထိုက်သော တို့ခေါင်းဆောင်။

✻ တိုင်းပြည့်ကိုယ်စား၊ ရေမြေခြားသည့်
တစ်ပါးနိုင်ငံ၊ ရောက်လေပြန်သော်
သံခင်းတမန်ခင်း၊ တည်ငြိမ်ခြင်းဖြင့်
လမင်းပမာ၊ ဆင်းရုပ်ဝါနှင့်
မေတ္တာညွှန်းစေ၊ မိန့်ခွန်းခြွေစဉ်
ကေသရာဇာ၊ ပမာအလား
ခံ့ညားရဲရင့်၊ ပွဲလယ်တင့်၏
ဖွင့်လှစ်မိန့်ကြား၊ ဆိုစကားကို
တစ်ပါးသူလျှင်၊ ချီးနားဝင်လျက်
အောင်မြင်ပြီးမြောက်၊ ခရီးရောက်သည်
အံ့လောက်စွမ်းဆောင် တို့ခေါင်းဆောင်။

✻ ဪ
တို့ခေါင်းဆောင်သည်၊ ခေါင်းဆောင်ပီ၏
တိုင်းပြည်အတွက်၊ အဘက်ဘက်မှ
တိုးတက်ငြိမ်းအေး၊ ဖွံ့ဖြိုးရေးကို
တွေးရပြောရ၊ ဆွေးနွေးရနှင့်
ရာဇသနင်း၊ မင်းတို့ထုံးစံ
ညဉ့်သုံးယာမ်တွင်၊ တစ်ယာမ်မျှသော်
စက်ပျော်မရှိ၊ ထင်ပါဘိ၏
သူ၏လမ်းပြ၊ ညွှန်သမျှကို
ပြည့်ဝလိုက်နာ၊ ကျင့်သုံးပါလျှင်
မြန်မာပြည်သစ်၊ ရွှေတစ်ခေတ်သို့
ဖွင့်လှစ်နိုင်မည်၊ မကြာမီဟု
ရယုံကြည်ပါကြောင်း၊ ဆုမွန်တောင်းသည်
ခေတ်ကောင်းအမြန်ရောက်မည်တကား။ ။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်များကို ကြည့်ရှုရင်း လေးစားဂုဏ်ယူစွာဖြင့် ဂုဏ်ပြုဖွဲ့ဆိုပါသည်။)

မြင်းမူမောင်နိုင်မိုး

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ(ရန်ကုန်)ကျင်းပနိုင်ရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် မတ် ၁၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ(ရန်ကုန်) ကျင်းပမည့် ကျိုက္ကဆံကွင်းသို့ရောက်ရှိရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပြပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို အကွက်ချပုံစံများဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်၍ အားနည်းချက်များကို ဖြည့်ဆည်းပြီး အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုပြုလုပ်မည့် MSME ထုတ်ကုန်ပြပွဲကို အဆင့်မီစွာကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲကို အချိန်မီကျင်းပနိုင်ရေးအတွက် ဆိုင်ခန်းတည်ဆောက်ခြင်း၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ မိလ္လာစနစ်များ စသည်တို့နှင့် ပတ်သက်သည့် ကြိုတင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အချိန်ဇယားများ၊ အစီအမံများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိစေရန်၊ လုပ်ငန်းရှင်အချင်းချင်း ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ရန်၊ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပတင်ပို့မှုကို တိုးမြှင့်နိုင်ရန်၊ MSME ထုတ်ကုန်များအား ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် MSME ထုတ်ကုန်ပြပွဲကို ကျင်းပခြင်းဖြစ်၍ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ MSME များ အားလုံး ပါဝင်ပြသနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ (ရန်ကုန်) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြပွဲကျင်းပမည့် ကွင်းအတွင်း၌ ဆိုင်ခန်းများ လျာထားသတ်မှတ်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့နယ် ငါးဆူတောင်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဆေးဝါးကုန်ကြမ်းစိုက်ကွင်းသို့ ရောက်ရှိပြီး နိုင်ငံတော်ပိုင်မြေများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း/ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍ လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့စိတ်ဝင်စားမှု အဆိုပြုလွှာများ ဖိတ်ခေါ်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆေးဝါးကုန်ကြမ်းစိုက်ကွင်းအတွင်း မသက်ဆိုင်သူများ ဝင်ရောက်စိုက်ပျိုးမှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ရန်ကုန်တိုင်းဒေသကြီးမှ အသင်းဝင်များအား တွေ့ဆုံ



ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ အသင်းဝင်များနှင့် တွေ့ဆုံပွဲကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာမုနိဓမ္မာရုံ၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ တိုင်းတာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်း(ရွှေမန်းတောင်)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးသိန်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် အသင်းသူ အသင်းသားများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်ဦး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ တိုင်းတာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်း(ရွှေမန်းတောင်)၊ ဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးအုန်းမြင့်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)အနေဖြင့် အခြားသော တိုင်းဒေသကြီး/ ပြည်နယ်နှင့်မြို့နယ်များမှ အသင်းဝင်များနှင့်လည်း ကွင်းဆင်းတွေ့ဆုံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့်အခမ်းအနားမှ သိရသည်။ ၂၂၂

# နိုင်ငံရေးပါတီ (၂၉)ပါတီက ပူးတွဲသဘောထားထုတ်ပြန်ကြေညာ

**နိုင်ငံရေးပါတီ (၂၉) ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ( ၁၄ ) ရက်**
**၂၀၂၅ ခုနှစ်၊ မတ်လ ( ၁၂ ) ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ်၊ မတ်လ (၃) ရက်နေ့မှ မတ်လ (၉) ရက်နေ့ထိ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် ကျွန်ုပ်တို့နိုင်ငံရေးပါတီများက များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဒေါ်တင်တင်ရီ | ဥက္ကဋ္ဌ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၁။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၂။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၆။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၇။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၈။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၉။ | ဦးအောင်ဘ | ဗဟိုအလုပ်အမှုဆောင် | ခူမီးအမျိုးသားပါတီ | |
| ၂၀။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၂၁။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၂။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၃။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၄။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၅။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |
| ၂၈။ | ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ | |
| ၂၉။ | ဒေါက်တာခင်မောင်ဦး | ဥက္ကဋ္ဌ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၂၅ သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ၂၀၂၅ ခုနှစ် မတ် ၂၀ ရက်မှ ၂၅ ရက်အထိ အိန္ဒိယနိုင်ငံ ပတ္တနားမြို့၌ ကျင်းပမည့် Bihar အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၂၅ သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။(ဓာတ်ပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် အဘက်ဘက်မှ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် အစွမ်းကုန်ကြိုးစားပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်ရာတွင် စည်းကမ်းတကျ သွားလာနေထိုင်ကြရန်လိုကြောင်း၊ မိမိအားကစားသမားများ၏ အားသာချက်/အားနည်းချက်များကို ပြန်လည်သုံးသပ်နိုင်ရေးအတွက် ပြိုင်ပွဲအနိုင်အရှုံးရလဒ်များကို မှတ်တမ်းများစနစ်တကျပြုစုထားရှိပြီး အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူများထံ သတင်းပို့ တင်ပြသွားရန်လိုကြောင်း၊ ထိခိုက်ဒဏ်ရာ မရရှိစေရေးအတွက် အထူးဂရုစိုက်ကြရန်လိုကြောင်း၊ မြန်မာလူမျိုးတို့၏ အစွမ်းအစကိုပြသ၍ မလျှော့သော ဇွဲ၊ စိတ်ဓာတ်ဖြင့် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်ခဲ့ကြရန် တိုက်တွန်းပြောကြားပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။



အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြ လေးဦး၊ ဒိုင်တစ်ဦး၊ (အမျိုးသား/အမျိုးသမီး) အားကစားသမား ၁၂ ဦး စုစုပေါင်း ၁၇ ဦးတို့သည် (အမျိုးသား/အမျိုးသမီး)နှစ်ယောက်တွဲပြိုင်ပွဲနှင့် လေးယောက်တွဲပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေဂူလေးစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ရတနာ၄ှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**ပဲခူး မတ် ၁၂**

ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ သက္ကရာဇ်(၈၃၃)ခုနှစ်တွင် ဓမ္မစေတီမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ရွှေဂူလေးစေတီတော်မြတ်ကြီးသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၉ ရက် ညနေပိုင်းက ပဲခူးမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးထိမှန်ခဲ့မှုကြောင့် ရွှေဂူလေးစေတီတော်ကြီး၏ကိုယ်လုံးတော်နှင့်စေတီတော်ကြီး၏ လိုဏ်ဂူတော်အတွင်း ထိခိုက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေဂူလေးစေတီတော်မြတ်ကြီး အထွတ်တွင် ရတနာစိန်ဖူးတော်၊ ရတနာ၄ှက်မြတ်နားတော်နှင့် ရွှေထီးတော်ပြန်လည်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စေတီတော်မြတ်ကြီးတွင် ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယအရှင်သူမြတ်ထံမှ ကိုးပါး သီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး သံဃာတော် အရှင်သူမြတ်များထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက ပရိတ်တရားတော်များကို နာယူသည်။





ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်ကြီးများထံ ရတနာစိန်ဖူးတော်၊ ရတနာ၄ှက်မြတ်နားတော်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သာမဏေကျော် ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရာလင်္ကာရာဘိဝံသ အရှင်သူမြတ်ထံမှ မဟာမင်္ဂလာမြတ်ဒါနအဝဝ၊ လှူဒါန်းပူဇော်မှု အစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ရတနာ၄ှက်မြတ်နားတော်နှင့် ရွှေထီးတော်မြတ်တို့ကို မင်္ဂလာဝေါယာဥ်ဖြင့် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင် ပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ရတနာ၄ှက်မြတ်နားတော်နှင့် ရွှေထီးတော်မြတ်တို့ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ပြီး နံ့သာရည်များ ပက်ဖျန်းကာ စေတီတော်မြတ်ကြီး၏ အထွတ်သို့ တင်လှူပူဇော်ကြသည်။ **(ဝဲပုံ)** ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောင်ပွဲအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ရွှေဂူလေး စေတီတော်မြတ်ကြီးအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယအမှူးပြုသော ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များအား စတုဒိသာကျွေးမွေးနေမှုတို့ကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လယ်ဝေးမြို့ သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့်ရတနာရွှေကြုတ်တော်တင် မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၂**

နေပြည်တော် လယ်ဝေး မြို့နယ် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ချက်မ စေတီတော် မြတ်ကြီး စိန်ဖူးတော်နှင့် ရတနာ ရွှေကြုတ်တော်တင် မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၆ နာရီခွဲက ကျင်းပသည်။



အခမ်းအနားသို့ ပေါက်မြိုင် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ (ဩဝါဒါစရိယ)နှင့် ပင့်သံဃာများ၊ ဖောင်တော်ချက်မ ဘုရားဂေါပကအဖွဲ့ နာယကများ၊ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကို၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရ၊ အဖွဲ့ဝင် ဗိုလ်မှူး ရာဇာ၊ ဦးဝင်းအောင်၊ ဦးခင်မောင်ထွေး (မြို့နယ်လဝကဦးစီးမှူး)၊ ရဲမှူးအေးကျော်၊ မြို့နယ်သာသနာရေးမှူး ဦးမျိုးဝင်းအောင်နှင့် ဘုရားဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပေါက်မြိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကာ လှူဖွယ်အစုစုတို့ကို ဆက်ကပ် လှူဒါန်းသည်။**(ဝဲပုံ)** ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် ဦးတင်ရွှေနှင့် ဒေါ်ခင်မျိုးဝင်း မိသားစု၊ ဦးညဏ်ထွန်းဦး၊ ဦးအောင်လွင်ဦး မိသားစုတို့က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ရတနာပစ္စည်းမျိုးစုံအား ဌာပနာ ထည့်သွင်းရန်အတွက် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် စိန်ဖူးတော်၊ ရတနာ ရွှေကြုတ်တော်နှင့် လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား ဟောကြားခဲ့ရာ အခမ်းအနား တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဖောင်တော်ချက်မဘုရား ဂေါပကအဖွဲ့နာယကများ၊ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးမှူးနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သမိုင်းဝင် ဖောင်တော်ချက်မဘုရားအား စိန်ဖူးတော်နှင့် ရတနာရွှေကြုတ်တော်တို့ကို တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**ဝေကြည်**
**(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)တို့၌ ကျောင်းသားများအား တွေ့ဆုံအားပေး

**နေပြည်တော် မတ် ၁၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မတ် ၉ ရက် နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(သန်လျင်)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျောင်းသားများကို ဗလငါးတန်နှင့် ပြည့်စုံရေး၊ အင်ဂျင်နီယာ၏ အရည်အချင်းများ ပြည့်ဝစေရေး အလေးထားပျိုးထောင်ပေးရန်၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် MSME ဖွံ့ဖြိုးရေးနည်းပညာလိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရေးအတွက် University–Industry Collaboration မြှင့်တင်ဆောင်ရွက်ရင်း Ranking မြင့် နည်းပညာတက္ကသိုလ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပင်မစာသင်ဆောင်၌ ကျောင်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ စာကြည့်တိုက်၌ လေ့လာဖတ်ရှုလျက်ရှိကြသည့် ကျောင်းသားများကို နှုတ်ဆက်အားပေးကာ ကျောင်းသားများထံ သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်း၍ အဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်သူများ၏ လူမှုဘဝမြင့်မားရေးကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် MSME ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်နည်းပညာများကို ဖြန့်ဝေပေးနိုင်ရေးနှင့် ကျွမ်းကျင်နည်းပညာရှင်များကို သတ်မှတ်စံနှုန်းများအတိုင်း စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားကာ ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ အခက်အခဲတင်ပြမှုများအပေါ် ဖြေရှင်းဖြည့်ဆည်းပေးပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပင်မစာသင်ဆောင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဌာန အသီးသီးရှိ အလုပ်ရုံများတွင် ကျောင်းသားများ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လျှပ်စစ်သုံးယာဉ်အပါအဝင် သုတေသနပရောဂျက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ရလဒ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကင်းသာရေထိန်းတမံ ပြုပြင်မွမ်းမံမှုလုပ်ငန်းများ မတ်လကုန်တွင် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ကင်းသာရေထိန်းတမံ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများနှင့် တမံအတွင်းရေဝင်ရောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကင်းသာရေထိန်းတမံ အခိုင်အမာ ပြင်ဆင်ခြင်းလုပ်ငန်းများနှင့် ရေသောက်စနစ်များ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအားလုံးပြီးစီးရေး ဆွေးနွေးမှာကြားသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် “ရာဂီ” တိုင်ဖွန်းမုန်တိုင်း အရှိန်ကြောင့် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ကင်းသာ ရေထိန်းတမံအတွင်း ရေဝင်ရောက်မှု များပြားခဲ့သဖြင့် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် တမံထိပ်မျက်နှာပြင်မှ (၃)ပေအထိ ရေကျော်စီးဆင်းခဲ့ပြီး တမံကိုယ်ထည်၌ ရေတိုက်စား ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ကိုယ်တိုင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး “ရေလမ်းကြောင်း ရှင်းလင်းရေးလုပ်ငန်းများ၊ တမံအတွင်း ပြည့်နှက်နေသည့်နုန်းများ၊ သဲများကို ဖယ်ထုတ်ခြင်း လုပ်ငန်းများကို အဆင့်လိုက်



ဆောင်ရွက်ရန်၊ ကနဦးအနေဖြင့် အပျက်အစီးများ ရှင်းလင်းခြင်း လုပ်ငန်းများနှင့် တမံရေယာ ပြန်လည်ဖော်ဆောင်ခြင်း လုပ်ငန်းများကို ဦးစွာဆောင်ရွက်သွားရန်၊ ထို့နောက် ကျိုးပေါက်နေသည့် တမံနေရာများ စနစ်တကျဖြင့် ပြန်လည်ပြုပြင်သွားရန်” လမ်းညွှန် မှာကြားချက်အရ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပညာရှင်များက ရေထိန်းတမံအား အခိုင်အမာ ပြုပြင်ရေးလုပ်ငန်းများဖြစ်သည့် တမံကိုယ်ထည် ပြန်လည်မြေဖို့ခြင်း၊ တမံ၏ ရေဝပ်ဧရိယာအတွင်း သဲနုန်းတူးဖော်ခြင်း၊ ရေထုတ်ပြွန် ပြုပြင်ခြင်း၊ တမံ၏ မူလရေပိုလွှဲ ပြုပြင်ခြင်းနှင့် ရေပိုလွှဲတံတား တည်ဆောက်ခြင်း၊ အရံရေပိုလွှဲ (Fuse Spillway chanel) ထည့်သွင်းတည်ဆောက်ခြင်းနှင့် ရေသောက်စနစ် ပြုပြင်ခြင်း လုပ်ငန်းများအား ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ မတ်လကုန်တွင် ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးမြို့နယ်၌ မော်တော်ဆိုင်ကယ်အခြေခံပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ပဲခူး မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ကြီးမှူး၍ ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့နယ် ဘုရားကြီးမြို့ သရက်ကုန်းစံပြကျေးရွာ၌ မော်တော်ဆိုင်ကယ် အခြေခံပြုပြင်ထိန်းသိမ်းနည်း သင်တန်း (၂/ ၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်က အမှာစကား ပြောကြားပြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်မာသက်က သင်တန်းများ ဖွင့်လှစ်ခဲ့မှုနှင့် သင်တန်းဖွင့်လှစ်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တက်ရောက်လာသူများသည် ပြသထားသည့် သင်တန်းအထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းကို မတ် ၁၁ ရက်မှ ဧပြီ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ကာ ကျွမ်းကျင်နည်းပြ သင်တန်းဆရာများက မော်တော်ဆိုင်ကယ် ဝိုင်ယာရိန်းစနစ်၊ နှစ်ချက်ခုတ်အင်ဂျင်အလုပ်လုပ်ပုံအကြောင်း၊ လေးချက်ခုတ် အင်ဂျင်အလုပ်လုပ်ပုံအကြောင်း၊ မော်တော်ဆိုင်ကယ် Suspension System အကြောင်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ထက်**



## အမြွှာပူးကလေးများနှင့် ဝန်ထမ်းများအတွက် အလှူငွေပေးအပ်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လေးမြွှာပူး ကလေးများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) မွေကင်းစကလေး ကုသဆောင်ခန်းမ၌ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးဌေးအောင်က အလှူငွေပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီးဒေါက်တာ အောင်လင်းအေးက ဆေးရုံ၌ မိခင်နှင့်ကလေးများ ဆေးကုထားရှိမှုအခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့်အခြေအနေများကို လည်းကောင်း၊ ပါမောက္ခ/ဌာနမှူး သားဖွားမီးယပ် ပါမောက္ခ ဒေါက်တာ ခင်မေသင်းနှင့် ပါမောက္ခ/ဌာနမှူး (မွေးကင်းစ)ပါမောက္ခ ဒေါက်တာနမ့်စမ်းစမ်းအေးတို့က ကလေးမွေးဖွားမှုအခြေအနေနှင့် ကျန်းမာရေး အခြေအနေတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက ဆေးရုံအဖွဲ့ အားလုံးပူးပေါင်းဆောင်ရွက်မှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးရာ ဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်း၊ လေးမြွှာပူးမိခင်အတွက် ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် လေးမြွှာပူးမိဘတို့က လက်ခံရယူကြသည်။ **အောင်မြင့်(ပြန်/ဆက်)**

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၉၉ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် မတ် ၁၂**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၉၉ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၅၇၄၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၇၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၈၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော် (၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ ဒုတိယနေ့တွင် ဆရာတော်၊ သံဃာတော် အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း



**နေပြည်တော် မတ် ၁၂**

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော် (၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ ဒုတိယနေ့တွင် ဆရာတော်၊ သံဃာတော် အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ယနေ့နံနက် ၇ နာရီက စစ်ကိုင်းတောင်ရိုးရှိ သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာ တက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတောင်ရိုးတွင် ပရိယတ္တိ၊ ပဋိပတ္တိတရားများ ပွားများအားထုတ်လျက်ရှိကြသည့် စာသင်တိုက်များမှ ဆရာတော်၊ သံဃာတော်များ၊ သီတဂူဗုဒ္ဓ တက္ကသိုလ်များမှ ဆရာတော်/ သံဃာတော်များက စနစ်တကျ စီတန်း၍ အလှူခံကြွကြရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်လောင်းလှူကြသည်။ ထို့နောက် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် စေတနာရှင် အလှူရှင်များက ကောင်းမှုကုသိုလ်များအတွက် မေတ္တာပို့ အမျှပေးဝေကြပြီး အလှူအောင်ပွဲ အထိမ်းအမှတ် မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ သက်တော် (၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်တွင် စစ်ကိုင်းတောင်ရိုးမှ ဆရာတော်၊ သံဃာတော်များ၊ သီတဂူဗုဒ္ဓတက္ကသိုလ်များမှ ဆရာတော်၊ သံဃာတော်များအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်တော် အိတ် ၁၀၀၀၊ ဆီ ပိဿာ ၂၀၀၀၊ ပဲတစ်ပြည်ဝင်အိတ် ၁၀၀၀၊ သင်္ကန်းအစုံ ၁၀၀၀ နှင့် လှူဖွယ်ပစ္စည်းတို့ကို လောင်းလှူခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ရန်ကုန်အရှေ့ပိုင်းခရိုင်၌ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့လှူပ်ရှားမှု ဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ ဟောပြောပွဲ အခမ်းအနားနှင့် လှုပ်ရှားမှုကို ယမန်နေ့က လူထုအခြေပြုဇဟိုဌာန၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က အမှာစကားပြောကြားပြီး တောင်ဥက္ကလာပ စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာမ ပေါက်ပေါက်က သနပ်ခါး၏ ဆေးဖက်ဝင်ပုံအကြောင်း သနပ်ခါးထုပ်ပိုးရာတွင် ပါရှိရမည့် ကုန်အညွှန်းအမှတ်အသားများ အကြောင်းတို့ကို ဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပျော်ရွှင်စွာသနပ်ခါးလိမ်းခြယ်ကြကာ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အား ဖော်ဆောင်ကြကြောင်း သိရသည်။

**သိန်းအောင် (ပြန်/ဆက်)**

## သထုံမြို့နယ်၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကျင်းပ

**သထုံ မတ် ၁၂**

မွန်ပြည်နယ် သထုံမြို့နယ်၌ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းနားကို ယနေ့ နံနက်က လိပ်အင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကား ပြောကြားသည်။

ယင်းနောက် မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ယုယုဇော်က မြန်မာ့သနပ်ခါးဓလေ့၏သမိုင်းကြောင်း၊ သနပ်ခါး၏ အသုံးဝင်မှု အသုံးပြုပုံနှင့်အရေးပါမှု၊ မွန်ပြည်နယ်အတွင်း ထင်ရှားသည့် သနပ်ခါးဓလေ့နှင့် ပွဲတော်များ စသည့် သိမှတ်ဖွယ်ရာတို့ ဆွေးနွေး ပြောကြားပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့၊ ပအိုဝ်း၊ ကရင်၊ မွန် တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအက တို့ဖြင့် ဖျော်ဖြေကြသည်။



ထို့နောက် တက်ရောက်လာကြသူများသည် တစ်ဦးနှင့် တစ်ဦး ကိုယ်တိုင်သနပ်ခါးသွေး၍ ပျော်ရွှင်စွာ လိမ်းခြယ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်ရှိ ကျေးရွာမီးလင်းရေးကော်မတီများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲ ကျင်းပ




**ဝမ်းတွင်း မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အတွင်း ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အထိ လျှပ်စစ်ဓာတ်အားခ ကြွေးကျန်မရှိစေရေး ကြိုးစားဆောင်ရွက်ခဲ့သော ကျေးရွာမီးလင်းရေး ကော်မတီများအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသိန်းထူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးရွာမီးလင်းရေးကော်မတီများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

❑ *ကျော်ဖုံးမှ*

ပီအက်စ်ဂျီအသင်းက လေးဂိုး- တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် အိမ်ကွင်း အန်းဖီးလ်တွင် ပီအက်စ်ဂျီအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိဘဲ ပယ်နယ်တီအဆုံးအဖြတ်ဖြင့်ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီဖြစ်သည်။ ပီအက်စ်ဂျီအသင်းဂိုးသမား ဒွန်နာရမ်မာ အထူးလက်စွမ်း ပြသနိုင်ခဲ့ပြီး လီဗာပူးအသင်း၏ ပယ်နယ်တီ နှစ်လုံးကို ကာကွယ်နိုင်ခဲ့သည်။

အခြား ပွဲစဉ်ရလဒ်များတွင် ဘာစီလိုနာက ဘင်ဖီကာကို သုံးဂိုး- တစ်ဂိုး၊ ဘိုင်ယန်မြူးနစ်က လေဗာကူဆင်ကို နှစ်ဂိုး-ဂိုးမရှိ၊ အင်တာမီလန်က ဖီယင်နုကို နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲ ရရှိခဲ့ကြသည်။ မတ် ၁၂ ရက် နံနက် ချန်ပီယံလိဂ် ၁၆ သင်း အဆင့် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် နှစ်ကျော့ပေါင်းရလဒ်ဖြင့် ပီအက်စ်ဂျီအသင်းအပါအဝင် ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ အင်တာမီလန်အသင်းတို့ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

❍ *ကျော်ဖုံးမှ*

ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ နောက်ဆုံးအဆင့်ကို ၂၀၂၆ ခုနှစ် မတ်လတွင် ဩစတြေးလျနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ဩစတြေးလျအသင်းအပါအဝင် ၂၀၂၂ ပြိုင်ပွဲ ချန်ပီယံတရုတ်အသင်း၊ ဒုတိယဆုရ တောင်ကိုရီးယားအသင်းနှင့် တတိယဆုရ ဂျပန်အသင်းတို့မှာ ခြေစစ်ပွဲ ကစားစရာမလိုဘဲ နောက်ဆုံးအဆင့်မှ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အဓိကနိုင်ငံတကာပြိုင်ပွဲများအနက် ပထမဆုံးပြိုင်ပွဲအဖြစ် အာရှဖလား အမျိုးသမီး ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း အဓိက နိုင်ငံတကာပြိုင်ပွဲ သုံးခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာရှဖလား ခြေစစ်ပွဲအပြီးတွင် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲနှင့် (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိ နီပေါနိုင်ငံ၌ ကျင်းပသည့် နီပေါလေးနိုင်ငံ အမျိုးသမီး ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ချန်ပီယံဆု ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ် အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလလယ်ကတည်းက စခန်းဝင်လေ့ကျင့်နေပြီး နီပေါ ဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှု ရပ်နားထားခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-ANFA**

# အိန္ဒိယနှင့် မြန်မာနယ်စပ် မဏိပူရဒေသအကြောင်းနှင့် ကဘော်ချိုင့်ဝှမ်းကိစ္စ၊ မီဇိုရမ်လွှတ်တော်အမတ်များ ပြောကြားချက်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

**ဒီနေ့မှာတော့ မီဒီယာတွေမေးမြန်းနေတဲ့ အိန္ဒိယနဲ့မြန်မာနယ်စပ် မဏိပူရဒေသအကြောင်းနဲ့ ကဘော်ချိုင့်ဝှမ်းကိစ္စပြီးရင် မီဇိုရမ်လွှတ်တော်အမတ်တွေ ပြောကြားတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်လွှတ်တော်အမတ် K. Vanlalvena က အိန္ဒိယနဲ့နယ်စပ်ချင်း ထိစပ်နေတဲ့ မြန်မာနိုင်ငံအနောက်မြောက်ဘက် နေရာဒေသတွေကို သွားရောက်ခဲ့တယ်ဆိုပြီးတော့ The Hindu သတင်း Website မှာ ဖော်ပြထားတာ တွေ့ရပါတယ်။**


THE HINDU

Mizoram MP visits rebel outfit in Myanmar, asks them to join the Indian Union

Mizo National Front MP crosses to Myanmar on foot, meets Chinland Council to "forge friendship and brotherhood"; says they "belong to the same Mizo family", will brief Home, External Affairs Ministers on his talks

Published - March 05, 2025 10:31 pm IST - NEW DELHI

VIJAITA SINGH


READ LATER PRINT

Mizoram MP K. Vanlalvena with the offices of the Chinland Council, a rebel outfit controlling parts of north-west Myanmar in areas bordering India. | Photo Credit: Special Arrangement

Mizoram MP K. Vanlalvena visited the camp and offices of the Chinland Council, a rebel outfit controlling parts of north-west Myanmar in areas bordering India, last week. He said

သူပြောကြားတာကတော့ **K. Vanlalvena** က မီဇိုရမ်ပြည်နယ်ကနေ မြန်မာနိုင်ငံအတွင်းကို နယ်စပ်ဖြတ်ကျော်ပြီး သွားရောက်ခဲ့တယ်။ အဲဒီခရီးစဉ်နဲ့ ပတ်သက်ပြီး မီဇိုရမ်ပြည်နယ် အုပ်ချုပ်ရေးမှူးနဲ့ နယ်ခြားစောင့်တပ်ကို အသိပေးအကြောင်းကြားခဲ့တယ်ဆိုပြီးတော့လည်း **The Hindu သတင်း Website** က ဖော်ပြထားတာကို တွေ့ရပါတယ်။ ပြီးရင် **CNF၊ CNA ချင်းPDF** အဖွဲ့တွေနဲ့တွေ့ဆုံခဲ့တယ်ဆိုပြီးလည်း ပြောကြားထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒ့ါအပြင် အိန္ဒိယ – မြန်မာနယ်စပ် ချင်းနယ်စပ်ဆက်စပ်တဲ့နေရာပေါ့။ တမူး–ကဘော်ချိုင့်ဝှမ်းဒေသနဲ့ ပတ်သက်ပြီးလည်း အိန္ဒိယအထက်လွှတ်တော် အစည်းအဝေးမှာ မဏိပူရပြည်နယ် ပါလီမန်လွှတ်တော်အမတ်တစ်ဦးကနေပြီး ဒီဟာနဲ့ပတ်သက်ပြီး ယခင်သမိုင်းကြောင်းအရ အိန္ဒိယဘက်က ပိုင်တယ်ဆိုတဲ့ သဘောမျိုးပြောကြားခဲ့တာကို တွေ့ရပါတယ်။ ဒ့ါအပြင် မီဇိုရမ်ပြည်နယ်ကနေတစ်ဆင့် မြန်မာနိုင်ငံထဲကို ဝင်ရောက်လာတဲ့ နိုင်ငံခြားသားများ ကိစ္စနဲ့ပတ်သက်ပြီး ဒီလ ၁၀ ရက်နေ့မှာ မီဇိုရမ်ပြည်နယ် ဝန်ကြီးချုပ် **Lalduhoma** က မီဇိုရမ်ပြည်နယ်လွှတ်တော်မှာ ပြောကြားခဲ့တာကို တွေ့ရပါတယ်။

ယခင်နှစ် ဇွန်လကနေ ဒီဇင်ဘာလအတွင်း နယ်စပ်ဒေသဖြစ်တဲ့ **Aizawl** ကို နိုင်ငံခြားသား ၂၀၀၀ နီးပါး လာရောက်လည်ပတ်ပြီး ပြည်နယ်အတွင်းတော့ သွားနေတာမတွေ့ဘဲနဲ့ အဓိကရည်ရွယ်ချက်က မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ပြီး မြန်မာ့ပြည်တွင်းရေးတွေကို ဝင်ရောက်စွက်ဖက်ရန်ဖြစ်တယ်ဆိုပြီး လွှတ်တော်မှာ တရားဝင်တင်ပြခဲ့တဲ့ သတင်းကိုလည်း The Times Of India သတင်းဌာနကနေပြီး ပြောကြားထားတာကို တွေ့ရပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး မီဒီယာတွေရဲ့မေးမြန်းချက်ကို ကျွန်တော်ပြောကြားလိုတာကတော့ မြန်မာနဲ့ အိန္ဒိယနိုင်ငံဆိုတာ မိတ်ဆွေကောင်း နိုင်ငံတွေဖြစ်ပါတယ်။ အိန္ဒိယနဲ့ Act East Policy နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ ယခင်ကလည်း ပြောကြားခဲ့ပြီးဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံအစိုးရအနေနဲ့ အိန္ဒိယနယ်မြေကို အသုံးပြုပြီး မြန်မာကိုဆန့်ကျင်နေတဲ့ အုပ်စုများကို မလိုလားသလို မြန်မာနယ်မြေကို အသုံးပြုပြီး အိန္ဒိယအစိုးရကို ဆန့်ကျင်နေတဲ့ အုပ်စုများကိုလည်း မြန်မာနိုင်ငံအနေနဲ့ လက်ခံမထားပါဘူး။ ဒီဟာတွေနဲ့ပတ်သက်ပြီး နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးရှိခဲ့ပါတယ်။ အောင်မြင်မှုတွေ အများကြီးရှိခဲ့ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုကိုလည်း လက်တွေ့ပြသပြီးဖြစ်တယ်ဆိုတာ အိန္ဒိယနိုင်ငံအစိုးရအနေနဲ့ သိပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနဲ့အတူပဲ ယခင်ကအတိုင်း သဘောတူထားတဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်အတိုင်းပဲ ကျွန်တော်တို့ နေထိုင်လျက်ရှိပါတယ်။ မိတ်ဆွေကောင်းပီသစွာ နေထိုင်လျက်ရှိပါတယ်။ မြန်မာ–အိန္ဒိယနယ်စပ်နဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် မြန်မာ–အိန္ဒိယ နယ်စပ်ဟာ ၁၀၁၀ မိုင်ကျော်ရှည်လျားပါတယ်။ ၁၆၂၆ ကီလိုမီတာရှိပါတယ်။ တိုင်းတာပြီး ၉၀၇ မိုင်ကျော်ရှိပါတယ်။ ကီလိုမီတာအားဖြင့်


THE TIMES OF INDIA

India Times Evoke Cancel Patriarchy Maharashtra Delhi Karnataka Tamil Nadu Telangana Uttar Pradesh West Bengal

TRENDING Communal Clash in MP Live Cricket Score Bank Holidays Maharashtra budget Champions Trophy

Foreigners entering Myanmar via Mizoram to train rebels: CM

HC Vanlalruata / TNN / Mar 11, 2025, 03:38 IST

SHARE AA FOLLOW US

Foreigners from the US and UK are crossing into Myanmar via Mizoram to provide arms training to local insurgents, according to Mizoram's chief minister. The Center has heightened surveillance in border areas following involvement from China and the US in the Myanmar conflict. The re-imposition of the prote ...Read More

AIZAWAL: Foreigners, including those from the US and the UK, are crossing into Myanmar via Mizoram to impart arms training to insurgents there, CM Lalduhoma informed Mizoram assembly on Monday.

The CM said while nearly 2,000 foreigners visited Aizawl between June and Dec last year, they were never seen in the streets, alluding to the fears that their main intention had been to cross into Myanmar to interfere in its internal affairs.

Centre has been closely watching the situation in the border areas after China and the US involved themselves in Myanmar conflict. The recent visit of Mizoram by the US ambassador to India without any prior intimation also came as a surprise, he said.

Union home ministry re-imposed the protected area regime in Manipur, Nagaland and Mizoram to monitor the movement of foreigners.

*Stay updated with the latest India news, weather forecast for major cities like Delhi, Mumbai, Noida, and Bengaluru on Times of India.*



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း မီဒီယာများ၏မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။**

၁၄၆၀ ကျော် တိုင်းတာပြီးဖြစ်ပါတယ်။ အများစုတိုင်းတာပြီးဖြစ်ပါတယ်။ အခုပြောဆိုနေတဲ့ ကဘော်ချိုင့်ဝှမ်းဒေသ ဆိုတာလည်း ယခင်တိုင်းတာပြီး အသိအမှတ်ပြုပြီးဖြစ်ပါတယ်။ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ နယ်ခြားသတ်မှတ်ချက်အနေနဲ့ ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်နေ့မှာ ချုပ်ဆိုထားတဲ့ မြန်မာ – အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာလည်း ရှိပြီးဖြစ်ပါတယ်။ ဒီကဘော်ချိုင့်ဝှမ်းဒေသနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုလို့ရှိရင် ယခင်တုန်းကလည်း ၂၀၁၃ တုန်းကလည်း အိန္ဒိယရဲ့ အတိုက်အခံပါတီတစ်ခုဖြစ်တဲ့ BJP ပါတီက တမူး–ကလေး–မင်းကင်းမြို့နယ်တွေ ပါဝင်တဲ့ ကဘော်ချိုင့်ဝှမ်းဒေသကို ပြန်ယူပေးမယ်ဆိုပြီး မဲဆွယ်တာမျိုးရှိခဲ့တယ်။ ဒါတွေကိုလည်း ကလေးမြို့မှာကော၊ မင်းကင်းမြို့မှာကော ဒေသခံတွေက ဆန္ဒပြကန့်ကွက်ခဲ့တာမျိုးတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြောကြားချင်တာကတော့ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံအတွက် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းအဖြစ် အမြဲရပ်တည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာရှိတဲ့ အချို့သောနိုင်ငံရေးသမားတွေအနေနဲ့ မိမိရဲ့နိုင်ငံရေး လိုဘတစ်ခုတည်းကိုကြည့်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပျက်ပြားအောင် မလုပ်သင့်ဘူးဆိုတာ ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာ နယ်မြေပိုင်ဆိုင်မှုကို လေးစားသင့်တယ်လို့ ပြောကြားလိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ အသိပေးသင့်တာတွေ၊ ပြောဆိုသင့်တာတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**



# သံမဏိနှင့် အလူမီနီယံတင်သွင်းမှုအပေါ် စည်းကြပ်ခွန်များ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့ ကောက်ခံ

**ဝါရှင်တန် မတ် ၁၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့သည် သံမဏိနှင့် အလူမီနီယံတင်သွင်းမှုအပေါ် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်းကို စီစဉ်ထားသည့်အတိုင်း စတင်ကောက်ခံနေပြီဖြစ်သည်။

အခွန်ကောက်ခံနှုန်းကို အမေရိကန်အရှေ့ပိုင်းစံတော်ချိန် မတ် ၁၂ ရက် နံနက် ၁၂ နာရီ ၁ မိနစ်တွင် စတင်ခဲ့သည်။ အမေရိကန်သမ္မတ ထရမ့်သည် အခွန်စည်းကြပ်မှုကိုကျင့်သုံးရန် လွန်ခဲ့သောလက သမ္မတအမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါလှုပ်ရှားမှုသည် ထုတ်လုပ်သူများကို အမေရိကန်သို့ ပြန်လည်ဆွဲဆောင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်သည်။

ကုန်သွယ်ဖက်နိုင်ငံများအားလုံးကို အခွန်စည်းကြပ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ယခုလိုလုပ်ဆောင်ခြင်းသည် အလားတူအခွန်စည်းကြပ်မှုမှ အချို့နိုင်ငံများကို ကင်းလွတ်ခွင့်ပေးခဲ့သည့် ထရမ့်၏ ပထမသမ္မတသက်တမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ထရမ့်၏ ပထမသမ္မတသက်တမ်းတွင် ဂျပန်နိုင်ငံမှ သံမဏိတင်သွင်းမှုအချို့ကို သတ်မှတ်ချက်နှင့် အခွန်ကင်းလွတ်ခွင့်ပေးခဲ့သည်။

ဂျပန်ကုန်သွယ်ရေးဝန်ကြီး မူတိုယိုဂျီသည် မတ် ၁၀ ရက်တွင် အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဟောဝက်ဒ်လုဒ်နစ်ခ်နှင့် တွေ့ဆုံစဉ် အဆိုပါအခွန်စည်းကြပ်မှုသစ်မှ ဂျပန်ကို ကင်းလွတ်ခွင့်ပြုရန် တောင်းဆိုခဲ့သော်လည်း အပြုသဘောဆောင်သည့် တုံ့ပြန်ချက်မရရှိခဲ့ကြောင်း သိရသည်။

အာကာသနှင့်လေကြောင်းဆိုင်ရာမှသည် စွမ်းအင်ကဏ္ဍအထိ အမေရိကန်စက်မှုလုပ်ငန်းများသည် သံမဏိနှင့် အလူမီနီယံများကို ပြည်ပမှတင်သွင်းအသုံးပြုလျက်ရှိသောကြောင့် ယခုလိုအခွန်စည်းကြပ်လိုက်ခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ တိုးလာမည်ဟု မျှော်လင့်ရသည်။ ဥရောပသမဂ္ဂသည် မတ် ၁၂ ရက်က တန်ပြန်အရေးယူဆောင်ရွက်ချက်များကို ကြေညာခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# ပါကစ္စတန် ခွဲထွက်ရေးအုပ်စုက ခရီးသည် ၄၀၀ တင်ဆောင်လာသည့် ရထားကို ပြန်ပေးဆွဲ

## ယခုအချိန်အထိ ခရီးသည် ၁၅၅ ဦးကို ကယ်တင်ပြီးဖြစ်

**အစ္စလာမ္မာဘတ် မတ် ၁၂**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ခရီးသည် ၄၀၀ ကျော် တင်ဆောင်လာသည့် ရထားကို ခွဲထွက်ရေးအုပ်စုက ပြန်ပေးဆွဲသွားခဲ့ရာ ဓားစာခံများ ပြန်လည်ကယ်တင်နိုင်ရေး စစ်ဆင်ရေး ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ဘလိုချစ္စတန် ပြည်နယ်၌ မတ် ၁၁ ရက်တွင် စစ်သွေးကြွများက ရထားကို ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါရထားသည် ကွီတာမှ ပက်ရှ်ဝါသို့ ပြေးဆွဲသည့် ရထားဖြစ်သည်။ ယခုအချိန်အထိ ခရီးသည် ၁၅၅ ဦးကို ကယ်တင်ပြီးဖြစ်ကြောင်း လုံခြုံရေးသတင်းအရင်းအမြစ်များက ပြောသည်။



ခရီးသည်များမှာ အော်ဟစ်ငိုကြွေးနေကြပြီး အသက်ရှင်ရေးကြမ်းပြင်ပေါ်တွင် လဲလျောင်းနေကြသည်ဟု ၎င်းကပြောသည်။ သေနတ်သံများ နေရာအနှံ့မှ ကြားနေရကြောင်း ၎င်းက ဆက်ပြောသည်။ အစိုးရဆန့်ကျင်ရေး လက်နက်ကိုင် အုပ်စုဖြစ်သည့် ဘလိုချ် လွတ်မြောက်ရေးအဖွဲ့ (BLA) က ယခုလို ရထားပြန်ပေးဆွဲမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ BLA အဖွဲ့သည် မကြာသေးမီ နှစ်များမှ စတင်ကာ အစိုးရကို မကြာခဏ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံရှိ စာသင်ကျောင်းများ၌ အေအိုင်နည်းပညာများ သင်ကြားပေးမည်

**ပေကျင်း မတ် ၁၂**

အနာဂတ်ကို ဦးတည်သည့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အရည်အချင်းများကို ပြုစုပျိုးထောင်ရန် ကြိုးပမ်းမှုအနေဖြင့် တရုတ်နိုင်ငံသည် မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် အေအိုင် (ဉာဏ်ရည်တု) နည်းပညာသင်ခန်းစာများကို စတင်မိတ်ဆက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

လာမည့် ဆောင်းဦးရာသီ စာသင်နှစ်မှစတင်ကာ ပေကျင်းမြို့တော်တစ်ဝန်းရှိ စာသင်ကျောင်းများတွင် အေအိုင်သင်ခန်းစာများကို စတင်မိတ်ဆက်သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါသင်ခန်းစာများကို သီးသန့်ပို့ချနိုင်သလို သတင်းအချက်အလက်နှင့် နည်းပညာကဲ့သို့သော အခြားဘာသာရပ်များနှင့်လည်း ပေါင်းစပ်ပို့ချသွားမည်ဖြစ်ကြောင်း ပေကျင်းပညာရေးကော်မရှင်ဝက်ဆိုက်ဘ်တွင် ဖော်ပြထားသည်။

ပညာရေးအဆင့်အတန်းများပေါ် မူတည်ပြီး သင်ကြားရေးပုံစံများ ပြောင်းလဲသွားမည်ဖြစ်သည်။ အခြေခံပညာကျောင်းများတွင် အေအိုင်အယူအဆများကို မိတ်ဆက်သင်ကြားခြင်း၊ အငယ်တန်းအဆင့် အထက်တန်းကျောင်းများတွင် အေအိုင်သင်ခန်းစာများကို နေ့စဉ်လူမှုဘဝတွင် အသုံးချနိုင်အောင် သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် အကြီးတန်းအဆင့် အထက်တန်းကျောင်းများတွင် အေအိုင်နည်းပညာကို တီထွင်ဖန်တီးနိုင်အောင် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂါဇာတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပြီးနောက် အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၃၇ ဦးခန့် သေဆုံး

**ဂါဇာ မတ် ၁၂**

ဂါဇာကမ်းမြောင်တွင် ဟားမားစ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိပြီးနောက် အစ္စရေးတပ်မတော်၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၁၃၇ ဦး သေဆုံးကြောင်း ဟားမားစ်မီဒီယာရုံး အကြီးအကဲ ဆလာမာမာရွတ်ဖ်က မတ် ၁၁ ရက်တွင် ပြောသည်။

မတ် ၁၁ ရက်က ဂါဇာမြို့တောင်ပိုင်းတွင် လူ ငါးဦး သေဆုံးမှု အပါအဝင် လွန်ခဲ့သည့် ၁၀ ရက်အတွင်း အစ္စရေးတပ်မတော်၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချိုးဖောက်မှုမှာ အလွန်ပြင်းထန်လာကြောင်း မာရွတ်ဖ်က ပြောသည်။

**ရာဖာမြို့မှ ၅၂ ဦးခန့်ပါဝင်**

အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် စတင်အသက်ဝင်သည့် ဇန်နဝါရီ ၁၉ ရက်နောက်ပိုင်း ပါလက်စတိုင်း သေဆုံးသူ အရေအတွက်မှာ ၁၃၇ ဦးအထိ မြင့်တက်လာကြောင်း၊ အဆိုပါ သေဆုံးသူများထဲတွင် ရာဖာမြို့မှ ၅၂ ဦးခန့် ပါဝင်ကြောင်း သိရသည်။

**ပါလက်စတိုင်းအပေါ် ဖိအားပေး**

အစ္စရေးက စစ်ဆင်ရေး လှုပ်ရှားမှုများနှင့် စီးပွားရေး ပိတ်ဆို့မှုများမှတစ်ဆင့် ပါလက်စတိုင်းလူထုအပေါ် ဖိအားပေးမှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း မာရွတ်ဖ်က စွပ်စွဲထားသည်။ **ဆင်ဟွာ**



# တက်စလာက နှစ်နှစ်အတွင်း ကားထုတ်လုပ်မှု နှစ်ဆတိုးမည်

**ဝါရှင်တန် မတ် ၁၂**

လာမည့်နှစ်နှစ်အတွင်း အမေရိကန်ပြည်ထောင်စု၌ မော်တော်ကားထုတ်လုပ်မှု နှစ်ဆတိုးမြှင့်မည်ဟု တက်စလာ စီအီးအိုဖြစ်သူ အီလွန်မက်စ်က ပြောသည်။ အီလွန်မက်စ်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် မတ် ၁၁ ရက်က သတင်းထောက်များနှင့်တွေ့ဆုံခဲ့သည်။

အီလွန်မက်စ်သည် မျိုးချစ်စိတ်ပြင်းထန်သူဖြစ်ပြီး တက်စလာနှင့်အတူ မယုံနိုင်လောက်စရာ အလုပ်လုပ်နိုင်ခဲ့သည်ဟု ထရမ့်ကပြောသည်။ အီလွန်မက်စ်ကလည်း လာမည့်နှစ်နှစ်အတွင်း တက်စလာကားထုတ်လုပ်မှုကို အမေရိကန်တွင် နှစ်ဆတိုးသွားမည်ဟု ပြောသည်။

အစိုးရအလုပ်အကိုင်များ ဖြတ်တောက်ရေးနှင့် အသုံးစရိတ်လျှော့ချရေး DOGE တွင် ဦးစီးဦးဆောင်လုပ်နေသည့် အီလွန်မက်စ်နှင့် ဆက်နွှယ်နေသည့်ကုမ္ပဏီများကို ထရမ့်က အလေးပေးဆက်ဆံနေသည်နှင့် ပတ်သက်၍ မေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။

အချို့သော အမေရိကန်ဒေသခံများသည် အီလွန်မက်စ်ကိုဆန့်ကျင်လျက်ရှိပြီး တက်စလာ အရောင်းပြခန်းများနှင့် အားသွင်းရုံအများအပြားဖျက်ဆီးခံခဲ့ရသည်။ ကုမ္ပဏီ၏ရှယ်ယာများလည်း ထိုးဆင်းလျက်ရှိသည်။ နယူးယောက်မြို့တွင်လည်း မတ် ၈ ရက်က DOGE မှ အစိုးရဝန်ထမ်းများထုတ်ပယ်ခြင်းအတွက် လူ ၂၀၀ ခန့် ဆန္ဒပြခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**




## ၂၀၂၅ ခုနှစ်အတွင်း ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းများ ဆက်တိုက်ကျဆင်း

**နေပြည်တော် မတ် ၁၂**

ပြည်တွင်းစားအုန်းဆီ ရည်ညွှန်းဈေးနှုန်းများသည် ဇန်နဝါရီ ၁ ရက်တွင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၇၂၈၀ ဖြစ်ခဲ့ပြီး ယနေ့တွင် ငွေကျပ် ၆၈၉၀ ဖြစ်သောကြောင့် ၂၀၂၅ ခုနှစ် နှစ်ဆန်းမှ ယခုအချိန်ထိ ငွေကျပ် ၃၉၀ ကျဆင်းလာကြောင်း တွေ့ရသည်။

ပြည်တွင်းစားအုန်းဆီဈေးနှုန်းများကို ပြည်ပစားအုန်းဆီထုတ်လုပ်သည့် အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့တွင် အပတ်စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းများနှင့် ပြည်တွင်းနိုင်ငံခြား ငွေလဲလှယ်နှုန်းများအပေါ် မူတည်၍ စားအုန်းဆီအခြေခံရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တွံတေးမြို့နယ်၌ သုတအလင်းတန်းစာကြည့်တိုက်နှင့် ပညာရွှေရောင်စာကြည့်တိုက်ဖွင့်

**ရန်ကုန် မတ် ၁၂**

နှစ်(၈၀) ပြည့် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် တွံတေးမြို့နယ် ထိန်ကုန်းကျေးရွာ ပညာရွှေရောင်စာကြည့်တိုက်နှင့် ကံရွာကျေးရွာ သုတအလင်းတန်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်များ၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားများကို ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးစာ ကြည့်တိုက်များကြီးကြပ်ရေးကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များအတွင်း သုတ၊ ရသစာအုပ်များထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူငယ်များ စာပေဖတ်ရှုနေမှုကို အားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စာအုပ်စာပေဆိုသည်မှာ လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်ဖြစ်၍ စာပေယဉ်ကျေးမှုမရှိသော လူမျိုးကအရွက်မရှိသည့် သစ်ခြောက်ပင်နှင့်တူပါကြောင်း၊ စာပေယဉ်ကျေးမှုထွန်းကားသောလူမျိုးက အသီး၊ အပွင့်၊ အရွက်တို့ ဝေဆာနေသည့် သစ်ပင်နှင့်တူသည့်အတွက် လူသားများအတွက် များစွာအထောက်အပံ့ဖြစ်စေပါကြောင်း၊ သို့ဖြစ်၍ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး စာကြည့်တိုက်လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေး ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စာကြည့်တိုက်ကော်မတီ၊ စာကြည့်တိုက်မှူးနှင့် ဒေသခံပြည်သူများက စည်းလုံးညီညွတ်မှုအားဖြင့် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးကြရန်နှင့် စာကြည့်တိုက်ကို ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကိုလှူဒါန်းရာ စာကြည့်တိုက်မှူးများကလည်းကောင်း၊ စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ရာ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းကလည်းကောင်း လက်ခံရယူသည်။



အဆိုပါစာကြည့်တိုက်များသည် 4 Angle သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ပြီး ပေ (၂၄ x ၂၀) အကျယ် စာကြည့်တိုက်များဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ မတည်ငွေများ၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**




## ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Beyond 2025; Challenges and Opportunities in the Multipolar World) ကို ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသုံးသပ်ဆွေးနွေးပွဲတွင် "ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့်အာရှ၏ အခန်းကဏ္ဍ"၊ "၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် ပထဝီစီးပွားရေးစိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ"၊ "၂၀၂၅အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် ပထဝီနိုင်ငံရေးစိန်ခေါ်မှုများနှင့်ရရှိနိုင်သည့် အခွင့်အလမ်းများ" စသည့်ခေါင်းစဉ်သုံးခုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှပညာရှင်များက ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေ့လာသုံးသပ်သူများ (Observers) လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

သုံးသပ်ဆွေးနွေးပွဲကို နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏အခြေအနေမှန်ကို ကမ္ဘာကသိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့် ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) တွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို သိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများ ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း ( BE.FALLS) သို့ လာရောက်လည်ပတ်သည့် ဧည့်သည်ဝင်ရောက်မှု နှစ်သန်းပြည့်အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်

**ပြင်ဦးလွင် မတ် ၁၂**

ပြင်ဦးလွင် – လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) ကို နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက စတင်ဖွင့်လှစ်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာ အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိရာ ယနေ့တွင် လာရောက် လည်ပတ်သည့် ဧည့်သည်နှစ်သန်း ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ နှစ်သန်းပြည့် လာရောက်သည့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ဧည့်သည်အား ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) မှ တာဝန်ရှိသူများက ဧည့်သည်ဝင်ရောက်မှု နှစ်သန်းပြည့် အမှတ်တရအဖြစ် လက်ဆောင်ပန်းစည်း၊ ဂုဏ်ပြု Trophy၊ အပန်းဖြေစခန်းသို့ တစ်နှစ်စာ အခမဲ့ဝင်ရောက်ခွင့် (Gold Card) နှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး နှစ်သန်းပြည့် ဧည့်သည်နှင့်အတူ ပါရှိလာသည့် ၎င်း၏ မိသားစုဝင်များအား အပန်းဖြေစခန်းနှင့် မှန်တံတားဝင်ခွင့်၊ Sky Cable Car စီးနင်းမှုနှင့် ဘာဂီစီးနင်းလည်ပတ်ခြင်းများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**တစ်အိမ်လုံးတွင် မည်သူမျှမရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# မြေဆီလွှာထက်သန်ရေး ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ)ထည့်သွင်းပေး

ဖြူဇာဝင်း( စစ်ကိုင်း)

မြန်မာနိုင်ငံဟာ အပူပိုင်းဇုန်အတွင်းကျရောက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ သမပိုင်းဒေသနဲ့ နီးကပ်တဲ့ ဒေသတွေ၊ ပင်လယ်ကမ်းရိုးတန်းနဲ့ နီးတဲ့ နေရာဒေသတွေမှာ အပူ – အအေးမျှတပြီး မိုးရွာသွန်းမှုကောင်းမွန်လို့ သီးနှံများအောင်မြင်ဖြစ်ထွန်းနိုင်ပါတယ်။ သို့ပေမယ့် ပင်လယ်ကမ်းရိုးတန်းနဲ့ ဝေးကွာတဲ့ အပူပိုင်းဒေသတွေမှာ မိုးရွာသွန်းမှုနည်းတဲ့အပြင် သီးနှံပင်တွေ နှစ်စဉ်စိုက်ပျိုးခဲ့ရာမှာ အပူရှိန်များခြင်း၊ ရေ၊ လေ တိုက်စားမှုများခြင်းတို့ကြောင့် မြေဆီဩဇာတဖြည်းဖြည်း ခန်းခြောက်ပြီး သဲဆန်တဲ့ မြေများအဖြစ် ပြောင်းလဲလာပါတယ်။

### အပူရှိန်၊ ရေနဲ့ လေဒဏ်တွေကို ကာကွယ်ပေးတဲ့ သီးနှံနဲ့ အပင်တွေ စိုက်ပျိုးဖို့လို

ဒ့ါအပြင် မြေယာပြုပြင်ပြောင်းလဲမှု ဆောင်ရွက်မှုမရှိရင် သီးနှံအထွက်နှုန်းလည်း ကျဆင်းလာပြီး ပြန်လည်ပြုပြင်ဖို့ခက်ခဲတဲ့အခြေအနေကို ရောက်ရှိနိုင်ပါတယ်။ ဒါကြောင့် အခုအချိန်ကစလို့ မြေဆီမြေဩဇာထက်သန်စေပြီး အပူရှိန်၊ ရေနဲ့ လေဒဏ်တွေကို ကာကွယ်ပေးတဲ့ သီးနှံနဲ့ အပင်တွေ စိုက်ပျိုးဖို့ လိုအပ်လာပြီဖြစ်ပါတယ်။

မြေဆီဩဇာထက်သန်အောင် သဘာဝမြေဩဇာတွေဖြစ်တဲ့ (နွားချေးဆွေး၊ သစ်ရွက်သစ်ပင်ဆွေး)တွေ ထည့်သွင်းပေးတာ၊ သစ်စိမ်းမြေဩဇာ (ဘောစကိုင်း၊ ညံပင်၊ ပိုက်ဆံလျှော်နဲ့ ပဲမျိုးစုံ)ကျွေးပေးတာ၊ လေကာပင်တန်း (ဘောစကိုင်း၊ ဝါကြီးနဲ့ ပဲစင်းငုံ စတဲ့)တွေ စိုက်ပျိုးပေးတာ၊ သီးနှံစိုက်စနစ်(သီးထပ်၊ သီးညှပ်၊ အလှည့်ကျစိုက်တာ)တွေ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

ဓာတ်မြေဩဇာတွေကို ရေရှည်အသုံးပြုရင် မြေဆီလွှာအတွင်း သဘာဝမြေဆွေးတွေ ဆုံးရှုံးမယ်။ မြေချဉ်/ငန်ကိန်းတွေ ပြောင်းလဲမယ်။ အကျိုးပြုအဏုဇီဝတွေ နည်းသွားမယ်။ ဒါကြောင့် သီးနှံအထွက်နှုန်းလျော့ကျတာကို အလွယ်ကူဆုံးနဲ့ အသက်သာဆုံး ဖြေရှင်းနိုင်တဲ့ နည်းလမ်းက သစ်စိမ်းမြေဩဇာကျွေးခြင်းပဲ ဖြစ်ပါတယ်။

အပင်ရဲ့ အစိမ်းရောင် အစိတ်အပိုင်းတွေကို မြေကြီးအတွင်း ထယ်ထိုးမြှုပ်နှံ၊ ဆွေးမြည့်စေပြီး မြေဩဇာအဖြစ် အသုံးပြုတာကို သစ်စိမ်းမြေဩဇာကျွေးတယ်လို့ ခေါ်ပါတယ်။ သစ်စိမ်းမြေဩဇာအဖြစ် ပိုက်ဆံလျှော်၊ ပဲမျိုးရင်းဝင်အပင်တွေနဲ့ ပဲမျိုးရင်းဝင်မဟုတ်တဲ့ အပင်တွေကိုလည်း အသုံးပြုနိုင်ပါတယ်။ သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုနိုင်တဲ့မျိုးတွေအနက် ပိုက်ဆံလျှော်ကို သစ်စိမ်းမြေဩဇာအဖြစ် တောင်သူတွေ ပြုလုပ်သုံးစွဲသင့်ပါတယ်။

တစ်ဧကမျိုးစေ့နှုန်းအဖြစ် ကြဲပက်စိုက်ပျိုးခြင်းအတွက် လေးပြည်နှုန်း၊ အတန်းလိုက် စိုက်ပျိုးခြင်းအတွက် ၂–၃ပြည်နှုန်း၊ မျိုးအဖြစ်စိုက်ပျိုးခြင်းအတွက် ၂ – ၃ ပြည်နှုန်း စိုက်ပျိုးရပါမယ်။



ပိုက်ဆံလျှော် စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

❂ မြေဆီလွှာကို ပြန်လည်ကောင်းမွန် အားပြည့်လာစေပြီး စိုက်ပျိုးသူ တောင်သူကြီးတွေအတွက် ငွေမကုန် လူမပင်ပန်းဘဲ အကုန်အကျ သက်သာစေတဲ့ ပိုက်ဆံလျှော်ကို နိုင်ငံခြားဖြစ် ဓာတ်မြေဩဇာများအစား အစားထိုးစိုက်ပျိုးသုံးစွဲပါက မြေဆီလွှာ ပျက်စီးမှုနည်းကာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူကြီးတွေရဲ့ မြေယာပြုပြင်စရိတ်အတွက် အကုန်အကျသက်သာစေရုံသာမက စားသုံးသူပြည်သူများအတွက်ပါ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အသီးအနှံတွေကို စားသုံးခွင့်ရရှိမှာဖြစ်

ပိုက်ဆံလျှော်ကို နေရာဒေသအမျိုးမျိုးမှာ စိုက်ပျိုးနိုင်ပြီး သက်တမ်းက လေးလကနေ ငါးလအထိ ကြာမြင့်ပါတယ်။ ပျမ်းမျှအပူချိန်အားဖြင့် ၁၅ ကနေ ၂၇ စင်တီဂရိတ်အတွင်း နှစ်သက်ပေမယ့် ၈ ဒသမ ၄ ဒီဂရီအထိအေးတဲ့ နေရာအချို့မှာလည်း ပေါက်ရောက်နိုင်ပါတယ်။ ပိုက်ဆံလျှော်ရဲ့ အားသာချက်က မြေယာအထူးပြုပြင်စရာမလိုဘဲ စိုက်ပျိုးနိုင်ခြင်း ဖြစ်ပါတယ်။ မြေချဉ်ငန်ကိန်းအနေနဲ့ ၅ ကနေ ၈ ဒသမ ၅ အတွင်း စိုက်ပျိုးနိုင်ပြီး ပိုက်ဆံလျှော်ကို မျိုးစေ့ထုတ်ဖို့ စိုက်ပျိုးရင် ပင်ကြား၊ တန်းကြား (၃ပေ–၁ပေ)(သို့မဟုတ်) (၂ပေ–၂ပေ) စိုက်ပျိုးသင့်ပါတယ်။



ပိုက်ဆံလျှော် စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

သစ်စိမ်းမြေဩဇာအပင်တွေကို ထယ်ထိုးမြေမြှုပ်ရမယ့် အကောင်းဆုံးအချိန်က ပန်းပွင့်ချိန်ဖြစ်ပါတယ်။ သစ်ပင်တွေရဲ့ သဘာဝအရ ပန်းပွင့်ချိန်တွင် အပင်တွင်း အာဟာရများ ပြည့်ဝနေပြီး ပင်စည်များမှာ မရင့်သေးတဲ့အတွက် ဆွေးမြည့်ဖို့အတွက် အချိန်ကြာကြာ မလိုအပ်ပါ။

ပိုက်ဆံလျှော်ကို သစ်စိမ်းမြေဩဇာအဖြစ် ပြုလုပ်အသုံးပြုမယ်ဆိုပါက ပန်းပွင့်ချိန်ထက်စောပြီး မြေမြှုပ်ပါက ဆွေးမြည့်ချိန်မြန်ပေမယ့် အပင်အရွယ်အစားသေးတဲ့အတွက် အာဟာရရရှိမှုနည်းမှာဖြစ်ပါတယ်။ ယာမြေ၊ ယာသီးနှံများအတွက် မြေမြှုပ်ပြီး တစ်လကြာရင် စိုက်ပျိုးနိုင်ပါတယ်။

စပါး၊ ပဲ၊ နှမ်း၊ ပြောင်း စတဲ့ ဘယ်သီးနှံမဆို စိုက်ပျိုးမယ့်မြေမှာ မစိုက်ပျိုးမီ ပိုက်ဆံလျှော်မျိုးစေ့ကို ပက်ကြဲထားပြီးနောက် အပင် ၄၅ ရက်သားအရွယ်ရောက်တဲ့အချိန်မှာ ထယ်ထိုး၊ ထွန်မှောက်ပြီး နှစ်ပတ်အကြာထားကာ ရေသွင်းလိုက်ရင် စိုက်ပျိုးမယ့်မြေကို ပြုပြင်ပေးပြီး သစ်စိမ်းမြေဩဇာဖြစ်လာပါတယ်။

ဒ့ါအပြင် ပိုက်ဆံလျှော်ပင်တွေကို အခြားစိုက်ခင်းတစ်ခုမှာ စိုက်ပျိုးပြီးနောက် သီးနှံစိုက်ပျိုးမယ့် ကွင်းအတွင်း သယ်ဆောင်ကာ ထည့်သွင်းပေးခြင်းဖြင့်လည်း အသုံးပြုနိုင်ပါတယ်။

စိုက်ပျိုးပြီးတဲ့ ပိုက်ဆံလျှော်အပင်တွေကို အခြောက်လှန်း ထုထောင်းခြင်းဖြင့် အချိန်ကြာမြင့်စွာ သိုလှောင်နိုင်ပြီး ပိုက်ဆံလျှော်မြေဩဇာအဖြစ် အသုံးပြုနိုင်ပါတယ်။

အချို့နေရာတွေမှာ ဒေသရာသီဥတုနဲ့ မကိုက်ညီလို့ စိုက်ပျိုးဖို့မဖြစ်နိုင်တဲ့ နေရာတွေမှာ အခြောက်လှန်းထားတဲ့ ပိုက်ဆံလျှော်မြေဩဇာကို အသုံးပြုနိုင်ပါတယ်။ ဒီထက်ပိုထားရင် အာဟာရတွေက အသီးတွေ၊ အစေ့အဆန်တွေထဲ ရောက်ရှိသွားပြီး ပင်စည်မာကြောလာကာ ဆွေးမြည့်ချိန် ကြာမြင့်လာပါမယ်။

ပိုက်ဆံလျှော်ကို သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုရင် ရရှိနိုင်မယ့် အကျိုးကျေးဇူးတွေက ကုန်ကျစရိတ်သက်သာခြင်း၊ သဲဆန်တဲ့ မြေအတွက် ကောင်းမွန်ခြင်း၊ စေးတဲ့မြေအတွက် ကောင်းမွန်ခြင်း၊ မြေဆီလွှာတိုက်စားခံရခြင်းကနေ ကာကွယ်ပေးခြင်း၊ မြေကြီးအပူချိန်ကို ထိန်းညှိပေးခြင်း၊ မြေတွင်းအာဟာရဓာတ် ကြွယ်ဝစေပြီး မြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ ပိုးမွှားကျရောက်မှုကို တားဆီးပေးခြင်း၊ သီးနှံအထွက်နှုန်း တိုးတက်လာစေခြင်းဖြစ်ပါတယ်။

ပိုက်ဆံလျှော်ကို လျှော်အဖြစ် ထုတ်လုပ်နိုင်ပြီး သစ်စိမ်းမြေဩဇာအဖြစ်လည်း အသုံးဝင်ကာ စိုက်ပျိုးရေးအခန်းကဏ္ဍမှာ အရေးပါလာပြီဖြစ်ပါတယ်။ ပိုက်ဆံလျှော်အပင်ကနေ ရရှိတဲ့လျှော်နဲ့ လူသုံးကုန်များ ထုတ်လုပ်နိုင်တဲ့အပြင် ကျွဲ၊ နွား အစားအစာအဖြစ်လည်း အသုံးပြုနိုင်ပါတယ်။ မြေဩဇာအဖြစ် အသုံးပြုမယ်ဆိုရင် သီးနှံအပင်တွေ နှစ်သက်တဲ့ အာဟာရတန်ဖိုး များစွာပါဝင်တဲ့အပြင် ကျွဲ၊ နွား အစားအစာအဖြစ် အသုံးပြုတဲ့အတွက် ပရိုတိန်းဓာတ်များစွာပါဝင်ပြီး အာဟာရပါဝင်မှုက အပင်ရဲ့ အစိတ်အပိုင်းအလိုက် ကွဲပြားမှုရှိပါတယ်။

### ရေရှည်မြေဆီလွှာတိုးတက်ရေးအတွက် ပိုက်ဆံလျှော် စိုက်ပျိုးခြင်းကို တိုးမြှင့်လုပ်ဆောင်သင့်

မြေဆီလွှာကို ပြန်လည်ကောင်းမွန်အားပြည့်လာစေပြီး စိုက်ပျိုးသူ တောင်သူကြီးတွေအတွက် ငွေမကုန် လူမပင်ပန်းဘဲ အကုန်အကျ သက်သာစေတဲ့ ပိုက်ဆံလျှော်ကို နိုင်ငံခြားဖြစ် ဓာတ်မြေဩဇာများအစား အစားထိုးစိုက်ပျိုးသုံးစွဲပါက မြေဆီလွှာ ပျက်စီးမှုနည်းကာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူကြီးတွေရဲ့ မြေယာပြုပြင်စရိတ်အတွက် အကုန်အကျ သက်သာစေရုံသာမက စားသုံးသူပြည်သူများအတွက်ပါ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အသီးအနှံတွေကို စားသုံးခွင့်ရရှိမှာဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမယ့် ဓာတ်မြေဩဇာအစားထိုး ပိုက်ဆံလျှော်အပင်တွေကို စိုက်ပျိုးပြီး ထယ်ထိုးမြေမြှုပ်ခြင်းဖြင့် ရေရှည်မြေဆီလွှာတိုးတက်ရေးအတွက် ပိုက်ဆံလျှော် စိုက်ပျိုးခြင်းကို တိုးမြှင့်လုပ်ဆောင်သင့်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။ ။

## ဝန်းသိုမြို့၌ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကျင်းပ



**ဝန်းသို မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဝန်းသို) မြတ်ဆရာခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နွေရာသီ မူလတန်းအဆင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၀ ရက်က ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ကောလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်တို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုမြင့်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

မူလတန်းအဆင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၄၆၅ ဦးအား သင်တန်းနည်းပြဆရာ ဆရာမ ၃၃ ဦးတို့က ဗုဒ္ဓဝင်အကျဉ်း၊ ဩကာသကန်တော့ချီးနှင့်တကွ ငါးပါးသီလ ခံယူဆောက်တည်ပုံ၊ ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော် ကိုးပါးအကြောင်း၊ မင်္ဂလသုတ်၊ အထွေထွေ ယဉ်ကျေးမှုအကြောင်း၊ ပါရမီ ၁၀ ပါး၊ ယဉ်ကျေးလိမ္မာကဗျာများ၊ ပြည်သူ့နီတိဆိုင်ရာ စသည့်ဘာသာရပ်တို့ကို သင်တန်းကာလ ၁၁ ရက်ကြာ လည်းကောင်း၊ အလယ်တန်းအဆင့် အင်္ဂလိပ်စာသင်တန်းတွင် ကျောင်းသား ကျောင်းသူ ၁၄၄ ဦးအား သင်တန်းနည်းပြဆရာ ဆရာမ ၁၆ ဦးတို့က သဒ္ဒါ၊ နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန၊ ဝိဘတ်၊ စကားဆက်များ၊ ဝါကျရေးဖွဲ့နည်း၊ စကားစုများနှင့် ပုဒ်စုများ၊ ဝါကျများပေါင်းစပ်ခြင်း၊ အသုံးထူးဝေါဟာရများ စသည့်ဘာသာရပ်တို့ကို သင်တန်းကာလ ၂၁ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကျင်းပ



**မော်လမြိုင် မတ် ၁၂**

မော်လမြိုင်မြို့နယ်၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ သနပ်ခါးသွေးခြင်းနှင့် လိမ်းခြယ်မှုပြိုင်ပွဲ အခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ပရိယတ္တိဓမ္မာဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က အမှာစကား ပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ပြိုင်ပွဲစည်းကမ်းချက်များနှင့် အမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် သူနာပြုသင်တန်းကျောင်းမှ ကျောင်းသူများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ဂုဏ်ပြုဆုငွေများပေးအပ်ကာ သနပ်ခါးလိမ်းခြယ်ပွဲ ယှဉ်ပြိုင်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ညောင်လေးပင်မြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်းနှင့် နွေရာသီအားကစားသင်တန်းဖွင့်



**ညောင်လေးပင် မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လူထုအခြေပြုဇဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ အခြေခံ ပန်းချီရေးဆွဲနည်း သင်တန်းကို မတ် ၈ ရက်က ဖွင့်လှစ်သည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များသည် ပြွန်တန်ဆာမြို့အထက(၂) ၌ နွေရာသီအားကစားသင်တန်းများဖြစ်သော ခြင်းလုံး၊ ကြက်တောင်၊ စားပွဲတင်တင်းနစ် အားကစားသင်တန်းများ ဖွင့်လှစ်မှုနှင့် အနာဂတ်အလင်းရောင် စာကြည့်တိုက်တွင် စာဖတ်၊ စာငှားဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ သင်တန်းကို မတ် ၈ ရက်မှ ၁၇ ရက်အထိ သင်ကြားမည်ဖြစ်ပြီး သင်တန်းသား ကျောင်းသား ကျောင်းသူ ၅၀ အား သင်တန်းနည်းပြဆရာ ဆရာမ ငါးဦးက သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**စွမ်းထက်(ညောင်လေးပင်)**

## ဘီးလင်းမြို့နယ်၌ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ လှုပ်ရှားဆောင်ရွက်မှု အခမ်းအနားကျင်းပ

**ဘီးလင်း မတ် ၁၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ လှုပ်ရှားဆောင်ရွက်မှုအခမ်းအနားကို ယမန်နေ့က မြို့နယ်လူထုအခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန္တာစိုးက မြန်မာ့သနပ်ခါးယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထင်ရှားလာအောင် ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက မြန်မာ့သနပ်ခါးဓလေ့၏ သမိုင်းကြောင်း၊ သနပ်ခါး၏ အသုံးဝင်မှု၊ အသုံးပြုပုံနှင့် အရေးပါမှု၊ သနပ်ခါးကို အလှအတွက်သာမက မြန်မာ့ရိုးရာတိုင်းရင်းဆေးအတွက်ပါ အသုံးပြုကြပုံ၊ မြန်မာ့သနပ်ခါးကို မြန်မာအမျိုးသမီးများသာမက အမျိုးသားများလည်း လိမ်းခြယ်ကြသည်ကို တွေ့ရှိရကြောင်းနှင့် မြန်မာ့သနပ်ခါး ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသင့်ကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာသူများက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားဆောင်ရွက်မှုအဖြစ် တစ်ဦးနှင့်တစ်ဦး ကိုယ်တိုင်သနပ်ခါးသွေး၍ ပျော်ရွှင်စွာလိမ်းခြယ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မှော်ဘီခရိုင်၌ ဂဟေဆက်သင်တန်းဖွင့်ပွဲကျင်းပ

**မှော်ဘီ မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ ဖွင့်လှစ်သော ဂဟေဆက်သင်တန်းဖွင့်ပွဲကို ယမန်နေ့က ပေါက်ကုန်းကျေးရွာအုပ်စု ကျီးပင်ဆိပ်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထင်ကျော်က အမှာစကားပြောကြားကာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ရန်ကင်း) ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပေါက်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကို မတ် ၁၁ ရက်မှ ၂၁ ရက်အထိ ဂဟေဆက်အတတ်ပညာဆိုင်ရာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**



ကော့သောင်းမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အောင်သုခရပ်ကွက် အထက(၁) စာစစ်ဌာနနှင့် (၇)မိုင် ရွှေပြည်စိုးကျေးရွာရှိ အထက(၂) စာစစ်ဌာနများ၌ မတ် ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ခရိုင်ပညာရေး၊ မြို့နယ်လျှပ်စစ်နှင့် ကော့သောင်းခရိုင် မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုဓလေ့လှုပ်ရှားမှု အခမ်းအနားဆောင်ရွက်

**ချောင်းဆုံ မတ် ၁၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့က ချောင်းဆုံ(အထက) သီရိရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေယုလှိုင်က သနပ်ခါးသမိုင်းကြောင်းကို ရှင်းလင်းပြောကြားကာ ကျောင်းသူများက မြန်မာ့ရိုးရာသနပ်ခါးအလှဖြင့် အလှပြဖျော်ဖြေခြင်းနှင့် သရုပ်ပြသနပ်ခါးလိမ်းခြယ်ခြင်းများကို ဆောင်ရွက်ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ဆရာမများနှင့် ကျောင်းသူများက သနပ်ခါးကို ကိုယ်တိုင်သွေး၍ အပြန်အလှန် လိမ်းခြယ်ခြင်းများကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



# ကိုယ့်ပြည်ကိုယ့်ရွာ ဖွံ့ဖြိုးတိုးတက်စေဖို့ရာ တို့ဝန်တာ

မောင်ကမ္ဘာ

ဂလိုဘယ်လိုက်ဖေးရှင်းခေတ်တွင် ကမ္ဘာကြီးကို ရွာကြီးတစ်ရွာအဖြစ် သတ်မှတ်တင်စားခဲ့ကြသော်လည်း ယခုမျက်မှောက်ကာလမှာတော့ ယခင်လို ရွာရိုးကိုးပေါက် လျှောက်သွားချင်တိုင်းသွား၍ မရတော့။ ရွာခံတွေကလည်း ပြူစူလာကြသည်။ ရွာသူကြီးအများစုကလည်း ရွာစည်းရိုးတွေ၊ ခြံစည်းရိုးတွေ အထပ်ထပ်ကာရံလာကြသည်။

အထူးသဖြင့် တစ်ကျော့ပြန်အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ခေတ်တွင် အိမ်နီးချင်း မက္ကဆီကိုနှင့် လက်တင်အမေရိကမှ တရားမဝင် ဝင်ရောက်နေထိုင်ခဲ့ကြသော ရွှေ့ပြောင်းအခြေချသူများကို နေရပ်ပြန်ပို့ခြင်း၊ ရာဇဝတ်မှုကျူးလွန်ခဲ့ဖူးသူများကိုဖမ်းဆီးအရေးယူခြင်းများ ဆက်တိုက်လုပ်ဆောင်လာသည်။ ထို့အတူ အမေရိကန်ပြည်ဝင်ခွင့်ဗီဇာကိုလည်း တင်းကျပ်ခဲ့သဖြင့် ယခင်သို့နှယ် အလွယ်တကူ ဝင်ရောက်ဖို့ မလွယ်ကူတော့ပေ။

ဆင်သွားလျှင် လမ်းဖြစ်ဆိုသလို ဥရောပကလည်း အမေရိကန်လမ်းကြောင်းနောက် ဖဝါးထပ်မျှ လိုက်ပါရန် ခြေလှမ်းပြင်လာပြန်သည်။ ယခုရက်ပိုင်းအတွင်း ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပသော လုံခြုံရေးညီလာခံတွင်လည်း အမေရိကန်ဒုတိယသမ္မတ JD Vance က ဥရောပနှင့် အမေရိကန်တို့ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအားလုံးထဲတွင် ရွှေ့ပြောင်းအခြေချသူများ အရေးလောက် ကြီးမားတာ ဘာမျှမရှိဟု ပြောကြားခဲ့ပြန်သည်။

JD Vance က လတ်တလော မြူးနစ်မြို့တွင် အာဖဂန်မှရွှေ့ပြောင်းအခြေချသူတစ်ဦးက လူအုပ်ထဲ ကားနှင့် ဝင်တိုက်ခဲ့သည့်အတွက် လူ ၃၀ ထက်မနည်းဒဏ်ရာရခဲ့သည့်ဖြစ်စဉ်ကို ထောက်ပြပြီး ဥရောပမှ ရွှေ့ပြောင်းအခြေချသူများအရေးကို သေသေချာချာ ကိုင်တွယ်ရန် ပျက်ကွက်ခဲ့သည်ဟုလည်း သတိပေးပြောကြားခဲ့သည်။

**လဝက ဥပဒေများကို တင်းကျပ်ရန်တောင်းဆို**

ဩစတြေးလျ အထက်လွှတ်တော်အမတ်တစ်ဦးကလည်း အစိုးရအနေဖြင့် တရားမဝင်နိုင်ငံခြားသားများကို ၎င်းတို့၏နေရပ်များသို့ ပြန်ပို့ရန်နှင့် လဝက ဥပဒေများကို တင်းကျပ်ရန် တောင်းဆိုလာပြန်သည်။ အကြောင်းပြချက်က နိုင်ငံသားများအနေဖြင့် အိမ်ပိုင်ဆိုင်မှုနည်းပါးခြင်း၊ အလုပ်သမားလုပ်အားခများ လျော့နည်းလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်လျှင် ဈေးပေါသော နိုင်ငံခြားသားအလုပ်သမားများနှင့် ယှဉ်ပြိုင်နေရခြင်းတို့ကြောင့် ဖြစ်သည်ဟု ဆိုသည်။

သို့ဖြစ်၍ ပညာတော်သင်ဗီဇာအပါအဝင် ပြည်ဝင်ခွင့်ဗီဇာကန့်သတ်ခြင်း၊ ဗီဇာကိုင်ဆောင်ထားသော်လည်း ဥပဒေချိုးဖောက်သူမည်သူ့ကိုမဆို နေထိုင်ခွင့်ဗီဇာရုပ်သိမ်းရန်၊ ပြည်နှင်ဒဏ်ပေးရန်၊ နိုင်ငံသားဖြစ်ခွင့်နှင့် နိုင်ငံသားအခွင့်အရေးခံစားခွင့်များကို ရှစ်နှစ်သတ်မှတ်ရန်၊ အစွန်းရောက်အယူဝါဒများ ကျင့်သုံးသောနိုင်ငံများမှ ရွှေ့ပြောင်းဝင်ရောက်လာမှုများကို ငြင်းပယ်ရန်နှင့် နယ်စပ်များကို ပြန်လည်ထိန်းချုပ်ရန် စသည်ဖြင့် တောင်းဆိုခဲ့သည်။

ဗြိတိန်နိုင်ငံကလည်း ရွှေ့ပြောင်းအခြေချနေထိုင်သူများအရေးနှင့် ပတ်သက်၍ တင်းတင်းကျပ်ကျပ် ကိုင်တွယ်လာသဖြင့် လတ်တလောကမ္ဘာ့အခင်းအကျင်းပြောင်းလဲမှုများနှင့် ဆက်စပ်၍ နိုင်ငံရေးသုတေသီများ၊ ပညာရှင်များက အမျိုးသားဝါဒအားကောင်းလာမှုနှင့်အတူ လစ်ဘရယ်ဝါဒနှင့် နိုင်ငံတကာလစ်ဘရယ်အခင်းအကျင်း၏ ကျရှုံးခန်းဖြစ်လာလေမလားဟု သုံးသပ်လာခဲ့ကြသည်။

တစ်ဆက်တည်းမှာပင် အမေရိကန်က ၎င်းနှင့် အကျိုးတူ ပန်းစားသော နိုင်ငံများနှင့် အဖွဲ့အစည်း အသီးသီးသို့ ပေးအပ်နေခဲ့သော အထောက်အပံ့ အကူအညီများကို ရပ်ဆိုင်းခဲ့ပြန်သည်။ အင်အားကြီး နိုင်ငံများ ပေးအပ်သောအကူအညီများမှာ များသောအားဖြင့် နှောင်ကြိုးပါစမြဲပင်။ နှောင်ကြိုးမဲ့ အထောက်အပံ့အကူအညီဆိုသည်က ရှားပါးလှဘိသည်။

> ❑ **ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းကြရပေမည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကြီးပွားတိုးတက်ရေးအတွက် ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်မြို့ကိုယ်ပြင်၊ ပြည်တစ်ခွင် စည်ပင်ဖို့အရေး အမျိုးသားရေးအမြင်ဖြင့် တွေးမြင်ကြရပေမည်**

သို့ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းကြရပေမည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကြီးပွားတိုးတက်ရေးအတွက် ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်မြို့ကိုယ်ပြင်၊ ပြည်တစ်ခွင် စည်ပင်ဖို့အရေး အမျိုးသားရေးအမြင်ဖြင့် တွေးမြင်ကြရပေမည်။

**လမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းချိန်တန်ပြီ**

အထူးသဖြင့် အရှေ့တောင်အာရှမှ မြန်မာနိုင်ငံအနေဖြင့်လည်း ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲ၊ ဝါဒစွဲများကိုအကြောင်းပြု၍ နှစ်ပေါင်း ၇၀ ကျော်ကြာအောင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခကို အမြန်ဆုံးချုပ်ငြိမ်းစေပြီး ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းချိန်တန်ပြီဟု ဆိုရပေမည်။

ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ဉာဏ်ပညာအမြော်အမြင်နှင့် ဆင်ခြင်တုံတရားရှိဖို့လိုသည်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် အတုယူသင့်သည်ကို အတုယူကြရပေမည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ထိုင်းနိုင်ငံဝန်ကြီးချုပ် ပေထုန်တန်၏ တရုတ်ပြည်ခရီးစဉ်အတွင်းနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် တရုတ်ခရီးသွားများနိုင်ငံအတွင်း ပိုမိုဝင်ရောက်လည်ပတ်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများက အားကျအတုယူဖွယ်ကောင်းလှသည်။

ဒေသတွင်းနိုင်ငံများက ၎င်းတို့၏ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အကျိုးရှိမည်ဆိုလျှင် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးဖြစ်ဖြစ် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများကို လက်ကမ်းကြိုဆိုလျက်ရှိသော်လည်း ဒေသတွင်းပထဝီအနေအထားအရ အချက်အချာကျပြီး ရေသယံဇာတ၊ မြေသယံဇာတ ပေါကြွယ်ဝသော မြန်မာနိုင်ငံအနေဖြင့်မူ အခွင့်အလမ်းကောင်းများစွာကို ယခုတိုင်လက်လွတ်ဆုံးရှုံးမစဲ ရှိနေဆဲပင်။

အရာရာကို နိုင်ငံရေးအမြင်တစ်ခုတည်းရှေ့တန်းတင်၍ တစ်ဖက်သတ်ရှုမြင်၍ မရနိုင်ပေ။ မြန်မာနိုင်ငံအတွက် အကျိုးစီးပွားရှိမည့် အခွင့်အလမ်းများမှာ ပထဝီနိုင်ငံရေး လွန်ဆွဲမှုအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး ဘာအရေး၊ ညာအရေးဟူသည့် ခေါင်းစဉ်အမျိုးမျိုးဖြင့် ပြုလုပ်လေ့ရှိသော ကမ်ပိန်းများအတွင်း ချာချာလည်၍ လမ်းပျောက်ခဲ့ရသည်။

သို့နှင့် ဆယ်စုနှစ်များစွာကြာသောအခါ အကျိုးဆက်အနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသူများ လက်တွန့်လာကာ အလုပ်အကိုင်အခွင့်အလမ်းများ၊ နည်းပညာများ၊ ဒေသဖွံ့ဖြိုး တိုးတက်မှုများ ဆင့်ပွား အကျိုးခံစားခွင့်ရနိုင်မည့်ပြည်ပရင်းနှီးမြှုပ်နှံမှုများမှာ မျှော်မှန်းသလောက် မှန်းချက်နှင့် နှမ်းထွက် မကိုက်ဘဲ နိုင်ငံအတွင်းအလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော လူ့စွမ်းအားအရင်းအမြစ် လူငယ်လူရွယ်များစွာမှာလည်း အိမ်နီးချင်းထိုင်းနိုင်ငံအပါအဝင် မလေးရှား၊ စင်ကာပူ စသည့်ဒေသတွင်းနိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် မျက်နှာငယ်စွာ လုပ်ကိုင်ရုန်းကန်နေခဲ့ကြရသည်။

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံမှ တရားဝင်ရော တရားမဝင်ပါ ရွှေ့ပြောင်းလုပ်သား အများအပြား သွားရောက်အလုပ်လုပ်ကိုင်ရာ ဒေသတွင်း မလေးရှားနိုင်ငံနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံတို့ကလည်း လူဝင်မှုကြီးကြပ်ရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ အထူးတင်းကျပ် ကြပ်မတ်လာကြသည်။ ထိုင်းနိုင်ငံသားအချို့ကလည်း မြန်မာနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုအပေါ် ကန့်ကွက်ကြောင်း ဆန္ဒပြတောင်းဆိုလာကြသည်။ ယခုရက်ပိုင်းအတွင်း အိမ်နီးချင်းထိုင်းနိုင်ငံသို့ တရားမဝင် ဝင်ရောက်ခဲ့ကြသော မြန်မာနိုင်ငံသားအများစုမှာ လမ်းခရီးမှာပင် အတော်များများဖမ်းဆီးခံခဲ့ကြရသည်။ ယင်းတို့အနက် အရွယ်ကောင်း မြန်မာလူငယ်အများစုပါဝင်သည်။

**မိုးကောင်းကင်အောက်က အိမ်လေးတစ်အိမ်**

လက်လှမ်းမီရာ ကမ္ဘာ့အခင်းအကျင်းများကို လေ့လာမျှော်ကြည့်ရင်း တစ်ချိန်က နိုင်ငံတော်အဆင့် အခမ်းအနားတစ်ခုတွင် ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင် ဂျက်ကီချန်း သီဆိုခဲ့သော သီချင်းတစ်ပုဒ်ကို အမှတ်ရလာမိသည်။ ဂျက်ကီချန်းက နိုင်ငံတစ်နိုင်ငံကို မိုးကောင်းကင်အောက်က အိမ်လေးတစ်အိမ်နှင့် ဥပမာပေးခိုင်းနှိုင်းထားသည်။ အင်အားကြီးမားသည့်နိုင်ငံဖြစ်ပါမှ ချမ်းသာကြွယ်ဝသည့်အိမ်တွေ နိုင်ငံအတွင်း ရှိလာလိမ့်မည်ဟုလည်း ဆိုသည်။

**"နှလုံးသားထဲဝယ် တိုင်းပြည်ချစ်စိတ်အပြည့်နဲ့ တွဲလက်တူညီစွာထောက်ပံ့ထားတယ်။ အိမ်ဆိုတာ သေးငယ်တဲ့ နိုင်ငံငယ်လေးတစ်ခုဖြစ်ပြီး နိုင်ငံဆိုတာကတော့ ထောင်သောင်းမကသော အိမ်တွေနဲ့ ဖွဲ့စည်းထားတာပေါ့။ ကမ္ဘာမြေကြီးပေါ်က နိုင်ငံတစ်နိုင်ငံဆိုတာ မိုးကောင်းကင်အောက်မှာတော့ အိမ်လေးတစ်အိမ်လိုပါပဲ။**

**"အင်အားကြီးမားတဲ့နိုင်ငံဖြစ်ပါမှ ချမ်းသာကြွယ်ဝတဲ့အိမ်တွေ နိုင်ငံမှာ ရှိလာပါလိမ့်မယ်။ နိုင်ငံဆိုတာ ဂုဏ်ယူစရာအင်အားနဲ့ ပြယုဂ်လို့ဆိုရင် အိမ်ဆိုတာ စိတ်ချမ်းမြေ့ခြင်းရဲ့ သင်္ကေတလေးပေါ့။ နိုင်ငံရဲ့မြေ တစ်လက်မတိုင်း၊ အိမ်ရဲ့အမှတ်အသား တစ်ခုတိုင်းကို နိုင်ငံနဲ့အိမ်ကို အတူတကွထားရှိလိုက်တဲ့အခါ အံ့ဩစရာကမ္ဘာကြီးတစ်ခုကို ဖန်တီးလိုက်နိုင်တာပေါ့။**

**"နိုင်ငံဆိုတာ ကျွန်ုပ်၏နိုင်ငံပါ။ အိမ်ဆိုတာ ကျွန်ုပ်၏ နေအိမ်ပေါ့။ ကျွန်ုပ်၏ နိုင်ငံကို ကျွန်ုပ် မြတ်နိုးသလို ကျွန်ုပ်အိမ်လေးကိုလည်း ကျွန်ုပ် ချစ်မြတ်နိုးပါတယ်။ ကျွန်ုပ်၏ အမိနိုင်ငံတော်ကို ကျွန်ုပ်ချစ်မြတ်နိုးပါသည်။"**

သီချင်းသံစဉ်စာသားသာမက ဂျက်ကီချန်း၏ အမျိုးသားရေးအားမာန်အပြည့်ပါသော တက်ကြွသည့် ဟန်ပန်အမူအရာကလည်း ကြည့်ရှုသူပရိသတ်အပေါင်းကို ဇာတိမာန်တက်ကြွစေပါသည်။

**"အမျိုးသားရေးကြိုးပမ်းကြပါ တို့ဗမာ -- ဟေ့ တို့ဗမာ၊ သြော် အမျိုးသားရေးကို ကြိုးပမ်းကြပါ တို့ဗမာ ဟေ့ တို့ဗမာ --- အရှေ့က နေဝန်း --- ထွက်သည် ပမာပ၊ တို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ --- တို့ဗမာဟေ့ တို့ဗမာ၊ ဗမာပြည်တစ်ဝန်း အကုန် တို့အိမ် မှတ်ပါ၊ တို့ယာ မှတ်ပါ အဲဒါ တို့ဗမာ"** စသည့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလက သမိုင်းဝင် ထင်ရှားခဲ့သော ဝိုင်အမ်ဘီဆရာတင်၏ **"တို့ဗမာ"** သီချင်းတွင်လည်း **"ငါတို့မြန်မာတွေဟာ အခိုက် အတန့်အခါမှာ အင်္ဂလိပ်ကျွန်ဖြစ်နေရပေမယ့် ငါတို့ဟာ တကောင်းအဘိရာဇာ လက်ထက်ကစပြီး မြန်မာပြည်ကို ပိုင်လာခဲ့ကြတာ။ ငါတို့ဟာ ရာဇဝင်အရိုင်းခံပြီး ဘာလို့အညှံ့ခံနေကြရမှာလဲ။ ငါတို့ဟာ နောင်လာနောက်သား ကောင်းစားရေးအတွက် ကိုယ်ကျိုးကို စွန့်လွှတ်ပြီး ညီညီညာညာကြိုးပမ်းအားထုတ်ကြလျှင် အရှေ့လောကဓာတ်မှ ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းကြီးထွက်ပေါ်လာသလို ငါတို့ဟာ လွတ်လပ်သည့် အမျိုးသားဘဝကို ပြန်ပြီးရကြလိမ့်မည်"** ဟူသော အဓိပ္ပာယ်ဖြင့် မြန်မာတစ်မျိုးသားလုံးကို တပ်လှန့်နှိုးဆော်ခဲ့ပါသည်။

**စောင့်ရှောက်ကြပါ၊ ကာကွယ်ကြပါ**

ထို့အတူ မြန်မာတိုင်းရင်းသားအပေါင်း ကိုလည်း မြန်မာပြည်တစ်ဝန်းလုံးအကုန် တို့အိမ်တို့ရွာ မှတ်ပြီး ချစ်ခင်ကြပါ၊ စောင့်ရှောက်ကြပါ၊ ကာကွယ်ကြပါဟူ၍လည်း သတိပေးနှိုးဆော်ခဲ့ပြန်ပါသည်။

မှန်ပါသည်။ မြန်မာမှန်သရွေ့ ဇာတိချက်ကြွေမွေးရပ်မြေကို ချစ်ခင်မြတ်နိုးလေ့ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မွေးရပ်မြေကို စွန့်ခွာ၍ ရေကြည်ရာမြက်နုရာ တိုင်းတစ်ပါးသို့ သွားရောက်လုပ်ကိုင်နေထိုင်ကြရပါသော်လည်း မြန်မာစိတ်မပျောက်သူမှန်သရွေ့ ဇာတိချက်ကြွေမွေးရပ်မြေ မြန်မာနိုင်ငံကို အောက်မေ့အမှတ်ရ တမ်းတလွမ်းကြစမြဲပင်။ အချိန်တန်လျှင် အိမ်ပြန်ချင်ကြပါသည်။ တတ်များတတ်နိုင်မည်ဆိုလျှင် ၁၂ လရာသီပွဲတော်များ၊ တိုင်းရင်းသားဓလေ့ရိုးရာယဉ်ကျေးမှုပွဲတော်များဖြင့် အစဉ်ထာဝရစည်ကားပြီး အေးချမ်းပျော်ရွှင်ဖွယ်ကောင်းသော ကိုယ့်နိုင်ငံအတွင်းမှာပင် နေထိုင်လုပ်ကိုင် စားသောက်လိုကြပါလိမ့်မည်။

သို့ဆိုလျှင် နိုင်ငံအတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာအောင် လုပ်ကိုင်ကြံဆောင်ကြရပေမည်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမို စီးဝင်လာဖို့ဆိုလျှင် ဒေသတွင်း၊ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသော ဝန်းကျင်ကောင်းတစ်ရပ်ရှိရန် ဦးစွာလိုအပ်ပေသည်။ သို့မှသာ လူ့စွမ်းအားအရင်းအမြစ်များအပါအဝင် လိုအပ်သော အခြေခံအဆောက်အအုံများကို ဖန်တီးဖော်ဆောင်နိုင်ပေလိမ့်မည်။ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်၍ မရနိုင်ပါ။ သွေးထိုးလှုံ့ဆော်သူများ အစဉ်တစိုက်နှုတ်တိုက်ရိုက်သွင်းထားသော နိုင်ငံရေးသဘောတရားတစ်ခုတည်းဖြင့်လည်း ရှုမြင်သုံးသပ်၍ မရနိုင်ပါ။ နိုင်ငံ့အရေးအတွက်ဆိုလျှင် အမြင်ကျယ်ကျယ် ရှုမြင်သုံးသပ်တတ်ဖို့လိုပါသည်။ ။

မတ် ၁၄ ရက်နံနက်ပိုင်းမှာ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ပထမအကျော့မှာ အခွင့်အရေးကောင်းပိုင်ဆိုင်ထားတဲ့ အသင်းတွေအနေနဲ့ ယခုဒုတိယအကျော့မှာရော အခွင့်အရေးကောင်း ထပ်မံပိုင်ဆိုင်သွားမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

**ယူရိုပါလိဂ် ၁၆ သင်းအဆင့်**

**၁၄-၃-၂၀၂၅ သောကြာနေ့**

ဘီလ်ဘာအို - ရိုးမား
ဖရန့်ဖတ် - အိုင်းယက်စ်
လာဇီယို - ဗီလ်ဇာန်
အိုလံပီယာကော့စ်-ဘိုဒိုဂလင့်
လိုင်ယွန် - FCSB
မန်ယူ - ဆိုစီဒက်
ရိန်းဂျား - ဖီနာဘာချီ
စပါး - အယ်ခမာ

## ဘီလ်ဘာအို ၁ Vs ၂ ရိုးမား နံနက် ၁း၁၅

ရိုးမားရဲ့ခြေစွမ်း မဆိုးဘူးဆိုပေမယ့် ဘီလ်ဘာအိုအိမ်ကွင်းမှာ အနိုင်ရဖို့ ခက်မယ်။ ဘီလ်ဘာအိုရဲ့ ဖိအားပေးမှုအောက် ခြေစွမ်းကောင်း ပျောက်ဆုံးခဲ့ရင် ရိုးမားအသင်း ပေးဆပ်မှုကြီးမားပြီး ပြိုင်ပွဲမှ ထွက်ရဖွယ် ရှိတယ်။

## ဖရန့်ဖတ် ၂ Vs ၁ အိုင်းယက်စ် နံနက် ၁း၁၅

အိုင်းယက်စ်က ခြေစွမ်းထက်မြက်မှုရှိပေမယ့် အဆုံးသတ်အားနည်းတယ်။ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းမတည်မငြိမ်ဖြစ်နေတဲ့ ဖရန့်ဖတ်အသင်းအနေနဲ့ အိမ်ကွင်းမှာ ကစားရသော်ငြား အိုင်းယက်စ်ကို ခက်ခက်ခဲခဲ ရုန်းကန်ရနိုင်တယ်။

## လာဇီယို ၂ Vs ၁ ဗီလ်ဇာန် နံနက် ၁း၁၅

ဗီလ်ဇာန်က ပထမအကျော့မှာ ရှုံးနိမ့်ထားတဲ့အပြင် ယခုပွဲစဉ်မှာလည်း လာဇီယိုအိမ်ကွင်းမှာ ကစားရမှာ ဖြစ်တာကြောင့် နိုင်ပွဲရဖို့ မလွယ်ကူတဲ့ အခြေအနေမှာ ရှိတယ်။ ဗီလ်ဇာန်ထက် အိမ်ရှင်လာဇီယိုသာ နိုင်ဖွယ်ရာရှိတယ်။

## အိုလံပီယာကော့စ် ၀ Vs ၃ ဘိုဒိုဂလင့် နံနက် ၁း၁၅

အိုလံပီယာကော့စ်က အိမ်ကွင်းမှာကစားရသော်ငြား စုစည်းမှုအားကောင်းပြီး ခံစစ်တည်ငြိမ်တဲ့ ဘိုဒိုဂလင့်ကို ကျော်ဖြတ်ဖို့ ခက်မယ်။ ဘိုဒိုဂလင့်အနေနဲ့ အိုလံပီယာကော့စ်ရဲ့ရုန်းအားကြောင့် အခက်တွေ့နိုင်ပေမယ့် နောက်တစ်ဆင့် တက်လှမ်းနိုင်ဖွယ်ရှိတယ်။

## လိုင်ယွန် ၃ Vs ၁ FCSB နံနက် ၂း၃၀

ပထမအကျော့မှာ ဂိုးပြတ်ရှုံးနိမ့်ထားတဲ့ ရိုမေးနီးယားကလပ် FCSB ရဲ့ ရုန်းအားကြောင့် လိုင်ယွန်အသင်း ရုန်းကန်ရနိုင်တယ်။ FCSB အသင်း ခြေစွမ်းထက်မြက်ပြီး နိုင်ပွဲရလင့်ကစား နောက်တစ်ဆင့်ကို လိုင်ယွန်အသင်း တက်လှမ်းမယ်။

## မန်ယူ ၁ Vs ၁ ဆိုစီဒက် နံနက် ၂း၃၀

မန်ယူမှာ ဂိုးရရှိနိုင်တဲ့ အခွင့်အရေးကို သွင်းဂိုးအဖြစ်ပြောင်းလဲနိုင်တဲ့ ကစားသမားထက် ဖြုန်းတီးပစ်တဲ့ကစားသမား အများအပြားရှိတာကြောင့် အိုးထရက်ဖို့ဒ်မှာ ကစားရသော်ငြား နောက်တစ်ဆင့်ကို ဆိုစီဒက် တက်လှမ်းဖွယ်ရှိတယ်။

## ရိန်းဂျား ၃ Vs ၁ ဖီနာဘာချီ နံနက် ၂း၃၀

ရိန်းဂျားက တိုက်စစ်ထက်မြက်ပြီး ခံစစ်မာကျောကျစ်လျစ်မှုရှိတယ်။ ဖီနာဘာချီက ခြေစွမ်းတည်ငြိမ်မှု မရှိဘူး။ မည်သို့ပင်ဆိုစေ ယခုဒုတိယအကျော့မှာလည်း ဖီနာဘာချီအသင်း ရိန်းဂျားအသင်းကို အနိုင်ရဖို့ မလွယ်ဘူး။ နောက်တစ်ဆင့်ကို ရိန်းဂျားတက်လှမ်းဖွယ်ရှိတယ်။

## စပါး ၀ Vs ၁ အယ်ခမာ နံနက် ၂း၃၀

စပါးက ပြတ်သားတဲ့ရလဒ်ဖော်ဆောင်နိုင်မှ နောက်တစ်ဆင့်တက်လှမ်းနိုင်မှာဖြစ်လို့ ခြေကုန်ထုတ်လာမှာ သေချာတယ်။ သို့သော်ငြား ပြိုင်ဘက်အယ်ခမာအသင်းရဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ရင် ပေးဆပ်မှု ကြီးမားသွားနိုင်တယ်။



# ပြိုင်ဘက်ကို အနိုင်ယူပြီး အင်ဒီးယန်းဝဲလ်စ် ကွာတားဖိုင်နယ်သို့ ဂရိတ်ပေါလ် တက်လှမ်း

အင်ဒီးယန်းဝဲလ်စ်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် နယ်သာလန်တင်းနစ်အကျော်အမော် တော်လန်ဂရိတ်ပေါလ်က ဂျပန်တင်းနစ်ကစားသမား ယိုဆူကီ ဝါတာနူကီကို အနိုင်ရကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

၎င်းသည် အဆိုပါပွဲစဉ်တွင် ပြိုင်ဘက်ကို ၇-၆၊ ၇-၄၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် အင်ဒီးယန်းဝဲလ်စ်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဒိန်းမတ်တင်းနစ်ကစားသမား ရူနီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရူနီသည် ၁၆ ဦးအဆင့်တွင် နာမည်ကြီး ဂရိတင်းနစ်ကစားသမား စတီဖာနော့စ် စစ်ဆီပက်စ်ကို အနိုင်ယူကျော်ဖြတ်ကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။ ဂရိတ်ပေါလ်နှင့်အတူ အင်ဒီးယန်းဝဲလ်စ် ကွာတားဖိုင်နယ်သို့ ရုရှားတင်းနစ်ကစားသမား ဒါနေးလ် မက်ဗီဒက်ဗ်လည်း တက်လှမ်းနိုင်ခဲ့သည်။



# ဘရစ္စတိုးလ်ကို သရေကျခဲ့သော်လည်း အမှတ်ပေးဇယား၌ ရှက်ဖီးလ်ဆက်လက်ဦးဆောင်

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၇) အဖြစ် မတ် ၁၂ ရက် နံနက် ၂ နာရီခွဲတွင် အမှတ်ပေးဇယားဦးဆောင်သူ ရှက်ဖီးလ်နှင့် ဘရစ္စတိုးလ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ရှက်ဖီးလ်အသင်းသည် ပွဲကစားချိန် ၆၁ မိနစ်တွင် ရရှိခဲ့သော ကမ့်ဘဲလ်၏ သွင်းဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ခွင့်ပြုပေးခဲ့ရသော ဆစ်ကီးစ်ချေပဂိုးကြောင့် သရေကျခဲ့ခြင်း ဖြစ်သည်။

ရှက်ဖီးလ်အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သော်လည်း ဒုတိယနေရာမှ လိဒ်စ်အသင်းထက် တစ်ပွဲပိုကစားပြီး ရမှတ် ၇၇ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် ဘရစ္စတိုးလ်အသင်းက ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် အဆင့် (၆) ဖြင့် ရာသီပိတ်သိမ်းနိုင်ရေး လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်သွားရမည် ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် လူတန်က ကာဒစ်ဖ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဒါဘီက ကိုဗင်ထရီကို နှစ်ဂိုး-ဂိုးမရှိ၊ မစ်ဒယ်ဘရော့က ကျူးပီအာရ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့ပြီး ဘန်လေက ဝက်စ်ဘရွန်းကို တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သလို ဆန်းဒါးလန်းနှင့် ပရက်စ်တန်းအသင်း ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**■ မိုးဇက် - စုစည်းသည်**

# အင်ဒီးယန်းဝဲလ်စ်အိုးပင်း ၁၆ ဦးအဆင့်တွင် နာမည်ကြီး ဆွီယာတက်ခ်က မူချိုဗာကို အနိုင်ရ

အင်ဒီးယန်းဝဲလ်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် နာမည်ကြီး ပိုလန်တင်းနစ်မယ် အီဂါဆွီယာတက်ခ်က ချက်ဇ်



တင်းနစ်မယ် ကာရိုလိုင်နာ မူချိုဗာကို အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

ဆွီယာတက်ခ်သည် အဆိုပါ ပွဲစဉ်တွင် ပြိုင်ဘက်ကို ၆-၁၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ဆွီယာတက်ခ်သည် အင်ဒီးယန်းဝဲလ်စ်ဆုဖလားကို ၂၀၂၂ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် ဆွတ်ခူးထားနိုင်သူ ဖြစ်သည်။

၎င်းသည် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် တရုတ်နာမည်ကြီး တင်းနစ်မယ် ကွင်ဝင်ရှောင်နှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ ရှောင်သည် ၁၆ ဦးအဆင့်တွင် ယူကရိန်းတင်းနစ်မယ် ကော့တိုက်စ်နှင့် တွေ့ဆုံခဲ့ပြီး ၆-၃၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသူ ဖြစ်သည်။

ဆွီယာတက်ခ်နှင့်အတူ အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာ၊ ရုရှားတင်းနစ်မယ် မေရာ အန်ဒရေဗာတို့ တက်လှမ်းနိုင်ခဲ့သော်လည်း ကာဇက်စတန်တင်းနစ်မယ် ရှိုင်ဘာကီနာမှာ ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- ဘိုင်ယန်မြူးနစ်နှင့် ရီးရဲမက်ဒရစ်အသင်းတို့သည် မန်ယူအသင်းမှ အသက် ၂၅ နှစ်အရွယ် ပေါ်တူဂီခံစစ်ကစားသမား ဒီယေဂိုဒါးလော့သ်ကို ခေါ်ယူလိုနေသည်။
- လီဗာပူးအသင်းသည် အသင်းခံစစ်ကစားသမား ဗန်ဒိုက်၏ နေရာကို ရေရှည်အစားထိုးရန်အတွက် ဒေ့ါမွန်ခံစစ်ကစားသမား နီကိုရှလော့တာဘတ်ကို ခေါ်ယူရန် ဆန္ဒရှိနေသည်။
- အာဆင်နယ်အသင်းသည် အက်စ်ပန်ညိုအသင်းမှ စပိန်ဂိုးသမား ဂါစီယာ (၂၃ နှစ်) ကို ခေါ်ယူရာတွင် ဘာစီလိုနာအသင်းထက် လက်ဦးမှု ရယူဖွယ်ရှိနေသည်။
- ချယ်ဆီးအသင်းက မန်ယူအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား မိုင်နူး (၁၉ နှစ်) ကို ခေါ်ယူလိုနေသည်။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် မတ် ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် ၁၀ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၁ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၈၇၇၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yar Zar Min Truck တစ်စီး၊ Nissan Diesel Truck နှစ်စီး၊ Hino Ranger Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Chenglong Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ခြောက်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၃၇၇၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ်နှင့် မကွေးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ခိုကျွန်းအနီး၌ တရားမဝင် ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည်စက်လှေတစ်စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၀၀၀၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန် သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၀၀၀၀၀၀ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဖလုံ(၂) နယ်မြေ၌ တရားမဝင် သစ်မာ ၁ ဒသမ ၈၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၇၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ သဃ်ာန်းကျွန်းမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် မြောက်ဒဂုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် လေးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၇၀၀၇၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ မုဒုံမြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် အင်းယားလမ်းဘေး၌ ပိုင်ရှင်မဲ့ စုပုံထားသော တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၇၁ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၀၇၆၉၅)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၃၄၀၇၆၉၅ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝေါမြို့အထွက် Puma စက်သုံးဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၇၇၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၁၀၅၇၉၈)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၁၈၂၇၉၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၁၅၄၃၇၅၆၃)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

## ပေါက်ခေါင်း၌ တပ်မတော်က လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံ ၂၀၀ ကျော် စစ်ရှောင်နေရဟု မဟုတ်မမှန် သတင်းများ ဝါဒဖြန့်လှုံ့ဆော်လျက်ရှိ

**နေပြည်တော် မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် သစ်ရောင်းပြန်ရွာ ကံကြီးကုန်းနှင့် ဖိုလ်ကုန်းကျေးရွာတို့တွင် မတ် ၁၀ ရက်က တပ်မတော်၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒေသခံ ၂၀၀ ကျော် စစ်ရှောင်နေရကြောင်း မဟုတ်မမှန် သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပေါက်ခေါင်းမြို့နယ်မှ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူ တစ်ဦးထံ ဆက်သွယ်မေးမြန်းရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့်အတွက် အပြစ်မဲ့ ပြည်သူများနေထိုင်ရာ ကျေးရွာများကို လက်နက်ကြီးပစ်ခတ်မှု မရှိကြောင်း၊ ပေါက်ခေါင်းမြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင် လှုပ်ရှားနေသည့် နေရာများအား ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် နယ်မြေလုံခြုံရေးများ ဆောင်ရွက်လျက်ရှိသည်ကို အကြမ်းဖက်အားပေးပြည်ဖျက် မီဒီယာများက လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်သတင်းများဖြင့် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## ကျိုက်မရောမြို့နယ်ရှိ ရပ်ကွက်များသို့ သောက်သုံးရေများ အခမဲ့ဖြန့်ဝေ



**ကျိုက်မရော မတ် ၁၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ သန့်ရှင်းသောသောက်ရေများအသုံးပြုနိုင်စေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးက သောက်သုံးရေ ဂါလန် ၁၀၈၀၀ ကို ယမန်နေ့နံနက်က ရပ်ကွက်များအတွင်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆို ပါ သောက်သုံးရေများ ဖြန့်ဝေရာနေရာများသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ အိမ်တိုင်ရာရောက် လှည့်လည်ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ချို မြတ်မြတ်ထွေး (ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ် ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Xz King” Facebook အကောင့်နှင့် “Xz King” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ကမာနတ်ကျေးရွာနေ စိုးမိုးဦးအား ည ၆ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၌ တပေါင်းလပြည့်နေ့တွင် ဘုရားဖူးမိဘပြည်သူများအား သက်သတ်လွတ်စတုဒိသာများ ကျွေးမွေးလှူဒါန်းမည်

**ဟိုင်းကြီးကျွန်း မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တပေါင်းလပြည့်နေ့ နံနက် ၉ နာရီတွင် ဘုရားဖူးလာပြည်သူများအား သက်သတ်လွတ်စတုဒိသာများ ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ရှေးဟောင်းသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးသည် မြတ်စွာဘုရားရှင်၏ ဆံတော်အစစ်ဖြင့် တည်ထားသော ဘုရားတစ်ဆူဖြစ်သည့်အတွက် ရပ်ဝေးရပ်နီးမှ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြပြီး ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များပြုလုပ်ခြင်း၊ ပရိတ်/ပဋ္ဌာန်း ဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်းတို့ကို ပြုလုပ်ကြသည့်အပြင် ပင်လယ်ကမ်းခြေ၏ သဘာဝအလှများကို ကြည့်ရှုခံစားပြီး ငွေတောင်ရေချိုးဆိပ်တွင် ရေချိုးအပန်းဖြေခြင်း၊ ဟိုင်းကြီးကျွန်းပေါ်ရှိ သမိုင်းဝင်နေရာများနှင့် ဘုရားစေတီပုထိုးများအား သွားရောက်ဖူးမြော်ခြင်း၊ ကျောက်ကလာပ်သို့ သွားရောက်၍ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားပြီး အစိုးရရုံးပိတ်ရက်များတွင် တည်းခိုဆောင်ပြည့်သည်အထိ နေ့ချင်းပြန် လာရောက်လည်ပတ်ကြသလို ညအိပ်တည်းခိုသူများလည်း ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

မတ် ၁၂ ရက်က ပြည်သူ့ဆေးရုံကြီး (သန်လျင်)သို့ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းသန်းဝင်း (သီရိစန္ဒာ) မိသားစုနှင့် ဦးမြင့်အောင် + ဒေါ်မြင့်မြင့်စိန် မိသားစုတို့က ဆေးရုံအုပ်ကြီး ဒေါက်တာချောနန္ဒီထံ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။

သန်းဝင်း (သန်လျင်)



### ပတ်စ်ပို့ပျောက်

ဦးကျော်မြင့်၏သမီး ဒေါ်ခင်စန္ဒာကျော် ၁၁/သတန(နိုင်) ၁၀၁၀၉၀ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၉၆၆၂၄၄

### အမည်ပြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၅)လမ်းနေ (ဘ) ဦးနောင်နောင်-(မိခင်) ဒေါ်ဝါဝါခိုင်တို့၏ သမီး မနှင်းသဲအိမ်အား မအိမ့်သဒ္ဒါဖြူဟု ပြောင်းလဲခေါ်ပါရန်။

မအိမ့်သဒ္ဒါဖြူ

### လင်မယားကွာရှင်းပြတ်စဲပြီးကြောင်း ကိုအာကာစိုး (၁၁/တကန(နိုင်)၀၈၃၆၇၉) နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းလမ်းဆုံ၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်း ဘုရားလမ်း၊ အမှတ်(၈)နေ မရီသန်းစိုး၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကိုအာကာစိုး(၁၁/တကန(နိုင်)၀၈၃၆၇၉) နှင့် မရီသန်းစိုး(၁၁/တကန(နိုင်)၀၈၃၉၀၁)တို့သည် (၁၃-၁-၂၀၂၅) ရက်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိ၍ ဆက်လက် ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သောကြောင့် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကိုအာကာစိုးနှင့် မရီသန်းစိုးတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေအပ်ပါသည်။ ကိုအာကာစိုးအနေဖြင့် မရီသန်းစိုး၏ လူမှုရေး၊ စီးပွားရေး၊ လုပ်ငန်းများတွင် တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း မပြုလုပ်ရန်နှင့် မရီသန်းစိုး၏ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြောအဆို၊ အပြုအမူများ ပြုလုပ်ခွင့် မရှိပါကြောင်း ကိုအာကာစိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မရီသန်းစိုး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရာဇာထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၀၉၉)**
**အမှတ်(၁၄)၊ ပထမထပ်(ဘီ)၊ ဇမ္ဗူသီဂီလမ်း၊ ဗိုလ်ကံညွန့်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၇၂၄၆၃၅**

### ဖခင်အမည်မှန်

ကော့သောင်းမြို့နယ်၊အထက (ဆယ်မိုင်)၊ Grade-5မှ မဆောင်းလိပ်ပြာ၏ဖခင် ဦးမင်းမင်းထွန်း၏ အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးမင်းထွန်း ၆/ကသန(နိုင်)၁၂၀၄၁၇ ဖြစ်ပါကြောင်း။ **ဦးမင်းထွန်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ဃ/၇၆၂၅၀, Honda Dream 125, m/c ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မြ ၆/တသရ(နိုင်) ၀၀၇၂၉၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြိတ်)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

### ဖမ်းဆီးရမိ ပြည်သူ့ဘဏ္ဍာသိမ်း ခဲသတ္တုတုံးများ လေလံခေါ်ယူရောင်းချခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး သတ္တုတွင်းစီမံကိန်းရုံး၊ ပဲခူးမြို့၌ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အောက်ပါသတ္တုများကို လေလံလုပ်ထုံးလုပ်နည်းများနှင့် အညီ လေလံတင်ရောင်းချလိုပါသဖြင့် ပြည်တွင်းတိုင်းရင်းသားပိုင် ကုမ္ပဏီများကို လေလံတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အဝိုင်းပုံ ခဲသတ္တုတုံး (၁၄၂)တုံး ၃.၄၆၄၈ မက်ထရစ်တန်ခန့်

(ခ) လေးထောင့်ပုံခဲသတ္တုတုံး(၉၅)တုံး ၂.၇၈၃၅ မက်ထရစ်တန်ခန့်

၂။ အဆိုပြုဈေးနှုန်း တင်သွင်းလွှာပိတ်ရက်မှာ ၂၀၂၅ ခုနှစ်၊ မတ်လ (၂၆) ရက်(၁၄:၀၀)နာရီ ဖြစ်ပါသည်။

၃။ အဆိုပြုဈေးနှုန်း တင်သွင်းလွှာပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ပဲခူးတိုင်းဒေသကြီး သတ္တုတွင်းစီမံကိန်းရုံး၊ ပဲခူးမြို့ ဖုန်း-၀၉ - ၂၆၀၁၄၀၇၄၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**လေလံကော်မတီ**
**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7K /4425 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြိတ်)**

### တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ခင်ပွန်းအဖြစ်မှ လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ မြစ်ငယ်ရပ်၊ မြစ်ငယ်ကျောင်းလမ်း၊ အမှတ်(၄၃)နေ (ဘ)ဦးဇော်ဝင်း၏သမီး ဒေါ်ဆုမွန်ဖြိုး ၆/မမန(နိုင်) ၁၂၀၅၃၇နှင့်(ဘ)ဦးစိုးဝင်း၏သား ဦးမင်းညီညီ ၇/ပတတ(နိုင်)၀၈၁၅၇၈ တို့သည် ၃၁-၁၀-၂၀၁၃ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ပြီး သား(၂)ဦးထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်လာခဲ့ရာမှ ခင်ပွန်းဖြစ်သူ ဦးမင်းညီညီသည် ဇနီးဖြစ်သူ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ကိုယ်တိုင်ကျူးလွန်ပြုလုပ်လျက်ရှိသည့်အပြင် ဇနီးဖြစ်သူအား မဟုတ်မမှန်စွပ်စွဲချက်များကြောင့် ဇနီးဖြစ်သူမှာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရခြင်း၊ မိသားစုနှင့် ပတ်ဝန်းကျင်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်ရခြင်း၊ ပေါင်းသင်းနေထိုင်စဉ်ကာလတစ်လျှောက် ခင်ပွန်းကောင်း တစ်ယောက်ကဲ့သို့အားကိုးအားထားမပြုရသည့်အပြင် သား(၂)ဦးအပေါ်တွင်လည်း ဖခင်ဝတ္တရားများကျေပွန်ခြင်းမရှိ၊ ဇနီးဖြစ်သူအပေါ်တွင်လည်း ခင်ပွန်းဝတ္တရာများကျေပွန်ခြင်းမရှိသည့် ဦးမင်းညီညီ အား ဇနီးဖြစ်သူ ဒေါ်ဆုမွန်ဖြိုးမှ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် မြိတ်ခရိုင်တရားရုံးတော်သို့ လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှုဖြင့် ဦးမင်းညီညီထံသို့အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်ပါသည်။

သို့သော် ဦးမင်းညီညီမှာ တရားရုံးတော်သို့ လာရောက်မှုမရှိသဖြင့် မြိတ်ခရိုင် တရားရုံးတော်မှ အမှုအားစစ်ဆေးခဲ့ပြီး အမှုတွဲပေါ်ပေါက်ချက်အရ ၂၄-၁၂-၂၀၂၄ ရက်တွင် ဇနီးဖြစ်သူ ဒေါ်ဆုမွန်ဖြိုးအား တစ်ဖက်သတ်ကွာရှင်းခွင့်ပြုသည့် အမိန့်ကို ချမှတ်ခဲ့ပါသည်။ မြိတ်ခရိုင်တရားရုံးတော်၏ တစ်ဖက်သတ်ကွာရှင်းခွင့် ပြုချက်ရရှိသည့် ဖော်ပြပါနေ့ရက်၌ပင် ဇနီးဖြစ်သူ ဒေါ်ဆုမွန်ဖြိုးမှ ခင်ပွန်းဖြစ်သူ ဦးမင်းညီညီအား တစ်ဖက်သတ်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင် ဦးမင်းညီညီနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသည့် ကိစ္စမှန်သမျှသည် ကျွန်မ ဒေါ်ဆုမွန်ဖြိုးနှင့်လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်းနှင့် ဦးမင်းညီညီသည် ကျွန်မ ဒေါ်ဆုမွန်ဖြိုး၏ ခင်ပွန်းအဖြစ်မှ လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုမွန်ဖြိုး**

## ၂၀၂၅ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2025) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါသတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်း ထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၅ ခုနှစ် အာဆီယံဆု (ASEAN Prize 2025) ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေး ဆောင်ရွက်မှုများ၊

(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသောအဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) amns.mofa@gmail.com သို့ **၁၁-၄-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ အသေးစိတ် အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သတင်းစဉ်**

### မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်း လျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**




## ကန့်ကွက်နိုင်ပါသည်

